မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃စဂၢ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ သောကြာနေ့ အတွဲ (၆၅)၊ အမှတ်(၀၇၃)

သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်း နိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ သမိုင်းချောင်းရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ဈေးများစနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဈေးများစနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ○

ယနေ့ ဖတ်စရာ

ငလျင်ဘေးသင့် ပြည်သူများအတွက် ကိုရီးယားသမ္မတနိုင်ငံမှ ဆန်တန် ၃၀၀၀၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆန် ၂၇၅ တန် ထပ်မံလှူဒါန်း — ပြည်တွင်းသတင်း စာ ၉

မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုခြင်းဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်စို့ — ဆောင်းပါး စာ ၁၀

ငလျင်လှုပ်ခတ်ရာဒေသများတွင် မိုးရွာသွန်းပြီး နှင်းများ ကျဆင်းလျက်ရှိသောကြောင့် ဒေသခံ ပြည်သူများကို သတိဖြင့်နေထိုင်ရန် ဂျပန်အာဏာပိုင်များ တိုက်တွန်း — နိုင်ငံတကာသတင်း စာ ၁၄

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း စားသုံးမှုဖူလုံရေးအတွက် အားထားရမည့် ရှေ့တင့်တူး စိုက်ပျိုးမွေးမြူရေးဇုန် — ဆောင်းပါး စာ ၁၆

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုဈေးချိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။

၁၁ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၅၉၂၅၅ ဂရမ်) ၏ဈေးနှုန်းမှာ ၅၉၈၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂ - ၁၂ - ၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၄၉၀	၂၆၀၅	၂၅၇၀	၂၅၀၅	၂၆၁၀	၂၆၂၅	၂၆၄၅	၂၅၆၀	၄၅၀၅	၂၅၅၅	၂၅၉၀	၂၆၃၀	၂၆၁၀	၂၆၂၅	၂၆၂၅	၂၆၄၅
95 Ron	၂၄၄၀	၂၆၅၅	၂၆၂၀	၂၄၉၅	၂၆၆၀	၂၆၇၅	၂၆၈၅	၂၆၁၅	၄၅၆၀	၂၆၀၅	၂၅၃၀	၂၆၀၅	၂၅၀၀	၂၆၆၅	၂၆၉၀	၂၆၄၀
HSD (500 ppm)	၂၂၄၅	၂၄၆၀	၂၄၂၅	၂၂၆၀	၂၄၆၅	၂၄၀၀	၂၄၀၀	၂၄၀၅	-	၂၆၁၀	၂၄၃၅	၂၄၅၅	၂၄၀၅	၂၄၃၀	၂၄၃၀	၂၆၅၀
HSD (50 ppm)	၂၆၀၅	၂၆၀၀	၂၅၆၅	၂၅၀၀	၂၆၀၅	၂၆၂၀	၂၅၉၅	၂၅၅၅	၄၉၃၀	၃၀၅၀	၂၅၅၅	၂၅၅၅	၂၆၄၅	၂၆၀၀	၂၆၃၀	၃၀၉၀
HSD (10 ppm)	၂၆၀၅	၂၆၀၀	၂၅၆၅	၂၅၀၀	၂၆၀၅	၂၆၂၀	၂၅၉၅	၂၅၅၅	-	၃၀၅၀	၂၅၅၅	၂၅၅၅	၂၆၄၅	၂၆၀၀	၂၆၃၀	၃၀၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၃၃၅	၂၄၁၅
95 Ron	၂၃၈၄	၂၄၆၅
HSD (500 ppm)	၂၀၉၈	၂၁၇၀
HSD (50 ppm)	၂၅၂၂	၂၆၀၂
HSD (10 ppm)	၂၅၂၂	၂၆၀၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၂၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အားလုံးအတူတကွ မဲပေးကြစို့

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် ရက်သတ္တ နှစ်ပတ်ကျော်မျှသာ ကျန်ရှိတော့သည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများမှာမူ သက်ဆိုင်ရာနိုင်ငံများအလိုက် ကြိုတင်မဲပေးနိုင်ရန် သတ်မှတ်ရက်များအလိုက် မဲရုံများဖွင့်လှစ်ပေးထားသည့် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး(၅၀)တို့တွင် နိုင်ငံသားတာဝန်ကျပွဲနှစ်ခုဖြင့် ကြိုတင်ဆန္ဒမဲများပေးနေကြပြီဖြစ်သည်။

၂၀၂၁ ခုနှစ်တွင်စတင်ခဲ့သည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအလှည့်အပြောင်းသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုကို အကြောင်းပြုခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပေါ်လာခဲ့သည့် အကြမ်းဖက်လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများက နိုင်ငံနှင့်ပြည်သူအတွက် ထိခိုက်နစ်နာဆုံးရှုံးမှုကြီးမားစေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လက်ရှိနိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ပေးထားရသည့် အစိုးရက ကျင်းပပေးသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားတို့ ဆက်လက်ရပ်တည်ရန်ခက်ခဲစေမည့် အကြောင်းရင်းဖြစ်သည့် အလျောက် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်း၊ နည်းမျိုးစုံဖြင့် ဖျက်လိုဖျက်ဆီးပြုခြင်းတို့ကို မိမိတို့တွေ့ရှိနေကြရခြင်းဖြစ်သည်။

သာမန်ပြည်သူများအနေဖြင့်မူ မိမိတို့က ဆန္ဒမဲပေးရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များဖြင့် အစိုးရ၊ လွှတ်တော်အသီးသီးတို့ ပေါ်ပေါက်လာစေကာ နိုင်ငံ၏ရှေ့ခရီးကို ဒီမိုကရေစီနည်းကျကျ ဆက်လက်လျှောက်လှမ်းလိုကြပြီဖြစ်သည်။ နိုင်ငံရေးကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် ပဋိပက္ခများကိုလည်း နိုင်ငံရေးနည်းလမ်းများဖြင့် အဖြေရှာကာ နိုင်ငံနှင့်ပြည်သူကို အထိမနာစေသည့် လမ်းကိုရွေးချယ်စေလိုပြီ၊ တစ်နည်းအားဖြင့် လက်နက်ကိုင်တိုက်ခိုက်နေကြခြင်းကြောင့် ကြုံတွေ့နေကြရသည့် ဒုက္ခအပေါင်းတို့ကိုလည်း ရှုံမုန်းနေကြပြီဖြစ်သည်။ တစ်နှစ်ထက်တစ်နှစ် ကြာမြင့်လာသည်နှင့်အမျှ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာနယ်မြေများတွင် ဖြစ်ပေါ်လာနေသည့် အနိဋ္ဌာရုံများကလည်း တရားဥပဒေစိုးမိုးမှုအောက်တွင် စိတ်အေးချမ်းသာစွာ နေခဲ့ကြရသည့်အချိန်ကာလများကို ပြန်လည်အမှတ်ရစေသည်။ လက်ရှိကာလ လုံခြုံရေးအခြေအနေများကြောင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ မကျင်းပနိုင်သည့် မြို့၊ ရွာ၊ ရပ်ကွက်များ ထောင်နှင့်ချီ၍ကျန်နေခဲ့ရာ လတ်တလော အားဖြင့် ဒေသခံပြည်သူတို့ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးရခြင်း ပင်ဖြစ်သည်။

လာမည့် ဒီဇင်ဘာ ၂၈ ရက်နေ့တွင်ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို ကချင်ပြည်နယ်တွင် (၆)မြို့နယ်၊ ကယားပြည်နယ်တွင် (၂)မြို့နယ်၊ ကရင်ပြည်နယ်တွင် (၃)မြို့နယ်၊ ချင်းပြည်နယ်တွင် (၂)မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၁၂)မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၄)မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် (၈)မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် (၉) မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် (၈) မြို့နယ်၊ မွန်ပြည်နယ်တွင် (၅) မြို့နယ်၊ ရခိုင်ပြည်နယ်တွင် (၃)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၂)မြို့နယ်၊ ရှမ်းပြည်နယ်တွင် (၁၂) မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် (၈)မြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတွင် (၈)မြို့နယ် စုစုပေါင်း ၁၀၂ မြို့နယ်တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး အပိုင်း(၂) နှင့် (၃)တို့ကိုလည်း ရက်သတ္တ နှစ်ပတ်စီခြားကာ ဆက်လက် ကျင်းပသွားမည် ဖြစ်သည်။

လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်းသည် ဒီမိုကရေစီ၏ အနှစ်သာရပင်ဖြစ်ပြီး အဆိုပါရွေးကောက်ပွဲများ၌ မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ မဲပေးခြင်းမှာ နိုင်ငံသားတို့၏အခွင့်အရေးဖြစ်သည်။ မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲသည် မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက် မဖြစ်မနေလိုအပ်သည့် ရွေးကောက်ပွဲဖြစ်ရာ ဆန္ဒမဲပေးရန် အရည်အချင်းပြည့်ဝသည့် နိုင်ငံသားအားလုံး မပျက်မကွက်မဲပေးခြင်း ဖြင့် တာဝန်ကျေပွန်ကြရပါမည့်အကြောင်း။ ။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
သတင်းထောက်များ - ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၂၁၊ ဖက်စ် ၀၆၇-၃၆၁၄၂၀၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေးငရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၁၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သီရိမင်္ဂလာစျေးရှိ စျေးဆိုင်ခန်းများ၌ စျေးရောင်းချလျက်ရှိသည့် ကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ နေ့စဉ်စျေးရောင်းချရာတွင် ကြုံတွေ့ရမှုများနှင့် သိရှိလိုသည်များကို မေးမြန်းစဉ်။

❍ *ရှေ့ဖုံးမှ*

ရန်ကုန်မြို့အတွင်း စီးဆင်းလျက်ရှိသည့် သဘိုင်းချောင်းအပါအဝင် ချောင်းများ၊ မြောင်းများ ရေစီးရေလာကောင်းမွန်ရေး

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ သဘိုင်းချောင်း တံတားနေရာနှင့် ဘုရင့်နောင်လမ်းကြိုးရှိ သဘိုင်းချောင်းတံတားနေရာတို့သို့ ရောက်ရှိစစ်ဆေးရာ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းများ၊ ရေနုတ်မြောင်းများ စနစ်တကျဖြစ်ရန်လိုကြောင်း၊ အမှိုက်များအား သတ်မှတ်နေရာများ၌ သာ စွန့်ပစ်စေရေးနှင့် မြောင်းများအတွင်း သို့ စွန့်ပစ်မှုမရှိစေရေး ပြည်သူလူထုအား စည်းရုံးဆောင်ရွက်သွားရန်လိုကြောင်း၊ ရေကောင်းမွန်စွာ စီးဆင်းမှုမရှိသည့် ချောင်းများ၊ မြောင်းများအတွင်းမှ အနံ့အသက်ဆိုးများသည် ပြည်သူလူထု၏ ကျန်းမာရေးကိုလည်း ထိခိုက်စေမည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် ရေစီးရေလာကောင်းမွန်အောင် စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ သဘိုင်းချောင်းအပါအဝင် ရန်ကုန်မြို့အတွင်း စီးဆင်းလျက်ရှိသည့် ချောင်းများ၊ မြောင်းများမှ စွန့်ထုတ်ရေများ ရေထွက်ပေါက်များမှတစ်ဆင့် သက်ဆိုင်ရာမြစ်များ၊ ချောင်းများအတွင်းသို့ စီးဆင်းရာတွင် ပိတ်ဆို့မှုမရှိစေရေး ခေတ်မီနည်းပညာများအသုံးပြု၍ ချောင်း၊ မြောင်းများ တစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ပိတ်ဆို့နေသည့် နေရာများအား ရှင်းလင်းသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယခင်က ရန်ကုန်မြို့အတွင်း၌ မိုးရာသီကာလများတွင် ရေကြီးရေလျှံမှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသော်လည်း ယခုနောက်ပိုင်းနှစ်များတွင် ရန်ကုန်မြို့အတွင်း စီးဆင်းလျက်ရှိသည့် ချောင်းများ၊ မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စနစ်တကျဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိခြင်းကြောင့် ယခင်နှစ်များထက် ရေကြီးရေလျှံမှုများ များစွာလျော့နည်းလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မရမ်းကုန်းမြို့နယ်ရှိ သဘိုင်းချောင်းအား ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်၍ ရေစီးရေလာများ ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဆိုပါက မိုးရာသီကာလများတွင် မရမ်းကုန်းမြို့နယ်အတွင်း ရေကြီးရေလျှံမှုများကို များစွာလျော့ချနိုင်မည့်အပြင် ချောင်းတစ်လျှောက် အနံ့အသက်ဆိုးများ လျော့ပါးသွားမည်ဖြစ်သဖြင့် သဘိုင်းချောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အလားတူ မြို့နေပြည်သူလူထုများ အနေဖြင့်လည်း ချောင်းများ၊ မြောင်းများ တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ မရှိစေရေး ကိုယ်စီအသိစိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက ယခုထက် ပိုမိုသာယာလှပသည့်မြို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

“ မြို့နေပြည်သူလူထုများအနေဖြင့်လည်း ချောင်းများ၊ မြောင်းများတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများမရှိစေရေး ကိုယ်စီအသိစိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက ယခုထက် ပိုမိုသာယာလှပသည့်မြို့ကို ဖော်ဆောင်နိုင်မည် ”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေပိတောက်ငါးစေ့းရှိ စျေးဆိုင်ခန်းများအလိုက် စျေးရောင်းချရမှုအခြေအနေများကို မေးမြန်းစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များ လိုက်ပါ၍ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာစျေးနှင့် ရွှေပိတောက်ငါးစျေးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သီရိမင်္ဂလာစျေး

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များသည် သီရိမင်္ဂလာစျေးသို့ ရောက်ရှိကြပြီး စျေးအတွင်း စျေးဆိုင်ခန်းများ၌ စျေးရောင်းချလျက်ရှိသည့် ပြည်သူများ၊ ကုန်များ လာရောက်ပို့ဆောင်ကြသည့် ကုန်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ကုန်များရရှိမှု၊ စျေးကွက်ရရှိမှု၊ နေ့စဉ်စျေးရောင်းချရာတွင် ကြုံတွေ့ရမှုများနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် သီရိမင်္ဂလာစျေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရောင်းရောင်းသည်ရပ်မှုရှိစေရေး၊ ရောင်းထွက်မြောင်းများ စနစ်တကျဖြစ်စေရေး အပိုင်းလိုက်သတ်မှတ်၍ရောင်းခြင်းများ၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ ပျက်စီးနေသည့် အမိုးများကို လည်း ပြန်လည်ပြုပြင်သွားရန်နှင့် လေဝင်လေထွက်စနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လှိုင်မြစ်ကမ်းနံဘေး၌ ကုန်စိမ်းများ လာရောက်ပို့ဆောင်ခြင်းများ ဆောင်ရွက်ရာတွင် စွန့်ပစ်အမှိုက်များအား မြစ်အတွင်းသို့ စွန့်ပစ်ခြင်းများ မရှိစေရေးနှင့် စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ရွှေပိတောက်ငါးစျေး

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေပိတောက်ငါးစျေးသို့ ရောက်ရှိကြပြီး စျေးဆိုင်ခန်းများအလိုက် စျေးရောင်းချနေသည့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ စျေးရောင်းချရမှုအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားသည်။ ထို့နောက် လှိုင်မြစ်နံဘေးရှိ ရွှေပိတောက်ငါးစျေးဆိပ်ခံဧဝေတံတား၌ ခရီးသည်များနှင့် ငါးကုန်သည်များ၏ သဘော်များ၊ လေ့များ ဆိုက်ကပ်မှု အသုံးပြုမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် တာဝန်ရှိသူများအား ရွှေပိတောက်ငါးစျေးအတွင်း ရေစီးရေလာ ကောင်းမွန်စေရေး၊ အမှိုက်စွန့်ပစ်မှုများ စနစ်တကျဖြစ်စေရေး၊ ပျက်စီးယိုယွင်းနေမှုများအား အမြန်ဆုံး ပြန်လည်ပြင်ဆင် ပေးသွားနိုင်ရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၄ သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း(ရန်ကုန်)၌ ကာကွယ်ဆေးသိုလှောင်ဖြန့်ဖြူးနိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၃ မှ

ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း(ရန်ကုန်)

ထို့ပြင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါပြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း(ရန်ကုန်) သို့ သွားရောက်၍ ကာကွယ်ဆေးသိုလှောင်ဖြန့်ဖြူးနိုင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ဝိုင်ဝင်းနှင့် တာဝန်ရှိသူများက ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း (ရန်ကုန်) ရှိ အပူချိန် အပေါင်း ၂ ဒီဂရီစင်တီဂရိတ်မှ အပေါင်း ၈ ဒီဂရီစင်တီဂရိတ်အတွင်း ထားရှိနိုင်သော အအေးခန်းများနှင့် အပူချိန် အနှတ် ၁၅ ဒီဂရီစင်တီဂရိတ်မှ အနှတ် ၂၅ ဒီဂရီစင်တီဂရိတ် ထားရှိနိုင်သော အအေးခန်းများအတွင်း ကာကွယ်ဆေးများအား အမျိုးအစားအလိုက် သိုလှောင်ထားရှိမှု၊ ဆေးထိုးအပ်များ သိုလှောင်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆေးဝါးများ သိုလှောင်ရာတွင် လျှပ်စစ်မီးလိုအပ်ချက် ပြတ်တောက်မှု မရှိစေရေးနှင့် ဆိုလာစနစ်ဖြင့်လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်သွားရန်၊ သိုလှောင်ခန်းများအတွင်း အခန်းတွင်းအပူချိန် ထိန်းညှိမှုစနစ်တကျဖြစ်စေရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❐ *ကျောဝှံးမှ*

ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ ဂုဏ်ပြုပါဝင်တက်ရောက်သည်။

အခမ်းအနားတွင် တာ၀န်မင်းနစ္စတန်ဂုဏ်ပြုတံပိုဖွဲ့နှင့်အတူ အလံတင် အခမ်းအနားကို ဆောင်ရွက်ကြကာ နိုင်ငံတော်၀န်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ဂုဏ်ပြုတံပိုဖွဲ့နှင့်အတူ အလေးပြုကြပြီး အခမ်းအနားအစီအစဉ်များအလိုက် ဆောင်ရွက်ကြသည်။

တာ၀န်မင်းနစ္စတန်အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာ

ယင်းနောက် နိုင်ငံတော်၀န်ကြီးချုပ်သည် တာ၀န်မင်းနစ္စတန်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ကျင်းပသည့် တာ၀န်မင်းနစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေ မူဝါဒ နှစ် (၃၀) ပြည့်အထိမ်းအမှတ် ပြပွဲသို့တက်ရောက်၍ တာ၀န်မင်းနစ္စတန်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြခန်းများ၊ ရိုးရာလက်မှုပညာပစ္စည်းများ၊ ခစ်ဂျစ်တယ်စနစ်နှင့် AI နည်းပညာသုံး ပြခန်းများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းပြခန်းများနှင့် အင်္ဂလိဘာတ်မြင်းမျိုးများ၊ ဒေသရှိ သိုး၊ ဆိတ်၊ နွားမျိုးစိတ်များထားရှိရာနေရာနှင့် တာ၀န်မင်းနစ္စတန် အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်၀န်ကြီးချုပ် ဦးညီစောသည် တာ၀န်မင်းနစ္စတန်နိုင်ငံသမ္မတ H.E. Mr. Serdar Berdimuhamedov နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ နိုင်ငံတကာ မျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အရှိန်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ဗြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ် ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာနိုင်ငံရှိ အထင်ကရနေရာများအား သွားရောက်လေ့လာ

နေပြည်တော် ဒီဇင်ဘာ ၁၁

တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ဗြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ် ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်(နေပြည်တော်) သို့ သွားရောက်၍ သူရဲကောင်းဗိမာန်အတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းများဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် တာ၀န်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့ကြသည့် ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များအား အလေးပြုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာ၀န်ခံက ပြတိုက်သမိုင်း၊ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှုရုံးပြခန်းအတွင်း စိတ်၀င်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို ပြခန်းတာ၀န်ရှိသူများထံ မေးမြန်းကြသည်။ ထို့နောက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ဗြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့် ကိုယ်စားလှယ်အဖွဲ့၀င်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်စျေးသို့ သွားရောက်ကြပြီး စျေးအတွင်း ခင်းကျင်းပြသရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာများ၊ ရိုးရာအ၀တ်အထည်များ၊ ရွှေချည်ထိုး၊ ငွေချည်ထိုး၊ ပန်းချီ၊ ပန်းပု စသည့်လက်မှုအနုပညာပစ္စည်းများကို ကြည့်ရှုလေ့လာ၀ယ်ယူအားပေးခဲ့ကြသည်။ ဆက်လက်၍ ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွေးနံ့သာများဖြင့် ဆက်ပ်ပူဇော်ကာ သာသနိက အဆောက်အအုံများအား လေ့လာကြည့်ရှုကြသည်။

အဆိုပါ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ဗြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ် ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၉ ရက် ညနေပိုင်းတွင်လည်း ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒဂ္ဂီဏာသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့်ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ္ဍာတော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ မော်ကွန်းတိုက်အတွင်း၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ငယ် ပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ သဒ္ဓါခိုင်မာစိတ် ခေါင်းလောင်းတော်ထိုး၍ ကုသိုလ်ပြုကြသည်။ ထို့နောက် အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြပြီး ကျောက်စာရုံစေတီတော်များနှင့် သာသနိက အဆောက်အအုံများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

❖ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့်စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်

❖ အနာဂတ်တွင် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လို

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ရေလှောင်တမံများ၏ ရေသိုလှောင်နိုင်မှု၊ ဆိုလာရေတင်စနစ်များ၊ လျှပ်စစ်ရေတင်စနစ်များဖြင့် ရေတင်သိုလှောင်ဆောင်ရွက်လျက်ရှိမှု၊ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများထုတ်ပေးထားရှိမှု၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ မဲရုံများ စနစ်တကျဖြစ်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အားလုံး၏ အခွင့်အရေးများ မဆုံရှုံးရစေရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံရေးပါတီများအလိုက် တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲအကြိုလှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာ စိုးဝင်းတို့က ပြန်လည်ရှင်းလင်းပြောကြားရာတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများသာမက အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်မှု၊ ကိုယ်ဝန်ဆောင်မိခင်အပါအဝင် ကလေးငယ်များအား ကာကွယ်ဆေးထိုးလုပ်ငန်းများသည် အရေးကြီးလုပ်ငန်းများဖြစ်သည့်အတွက် နိုင်ငံတော်မှ အလေးထားဆောင်ရွက်ပေးလျက်ရှိမှု၊ သက်ကြီးကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများအတွက် ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် တိုင်းပြည်ဖြစ်စေရေးဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

မိမိတို့တိုင်းဒေသကြီး၏ အခြေခံအချက်အလက်များကို မှန်ကန်စွာသိရှိအောင်ဆောင်ရွက်ပြီး အကျိုးရှိရှိ အသုံးချသွားရန်လို

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လာမည့် ၂၈ ရက်နေ့တွင် မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် မတ်လကုန်တွင် အစိုးရအဖွဲ့အပြောင်းအလဲများလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့်စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များပင် ဖြစ်ကြောင်း၊ ကောက်ခံရရှိသည့်အချက်အလက်များသည် နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူနိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏ နေထိုင်မှုပုံစံ စသည်တို့နှင့် မိမိတို့မြန်မာနိုင်ငံ၏ အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသခြင်းပင် ဖြစ်သဖြင့် မူဝါဒ၊ စီမံကိန်းများ ရေးဆွဲချမှတ်သူများ၊ အချက်အလက်အသုံးပြုသူများအားလုံးအနေဖြင့် အကျိုးရှိရှိ အသုံးချသွားကြရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို အလေးထား၍ မိမိတို့တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချသွားကြရန် လိုကြောင်း။

ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် အနာဂတ် တိုင်းပြည်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်

ကောက်ယူရရှိသည့် ကိန်းဂဏန်းအချက်အလက်များအရ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိနေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပြီး မိမိတို့အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ခြင်း လုပ်ငန်းများကို အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးတွင် ကျောင်းနေရာခိုင်နှုန်းမြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေးကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် တန်းစဉ်ကူးပြောင်းမှုများ အားနည်းမှုများဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့်လည်း တန်းစဉ်ကူးပြောင်းမှုများ ယခုထက်ပိုမိုမြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပညာရေးကဏ္ဍအားနည်းပါက ကျန်ရှိသည့်ကဏ္ဍများတွင်လည်း အားနည်းလာမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကိုလည်း ပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း အနာဂတ်၏ ကလေးငယ်များသည် ပညာသင်ကြားချိန်တွင် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူခဲ့ကြရမည်ဖြစ်ကြောင်း၊ ကျောင်းလုံး၀ မခေခဲ့ရသူများထက် ကျောင်းတက်ရောက်ခဲ့သည့် ကလေးငယ်များသည် စည်းကမ်းပိုမိုကောင်းမွန်သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး တက်ရောက်ခဲ့ရသည့် အတန်းအလိုက်

စာမျက်နှာ ၆ သို့

စာမျက်နှာ ၅ မှ

စိတ်ဓာတ်နှင့် စည်းကမ်းများ လိုက်နာမှု ကွာဟသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိဘဝကို တိုးတက်စေနိုင်မည့်အပြုအမူ၊ အနေအထိုင်အလေ့အကျင့်ကောင်းများကိုလည်း ရရှိစေနိုင်မည်ဖြစ်ပြီး မိမိနှင့်မိမိပတ်ဝန်းကျင်အတွက် အကျိုးမဖြစ်စေသည့် ဆေးလိပ်၊ အရက်၊ ကွမ်းတို့ သုံးစွဲခြင်းများကို ရှောင်ကြဉ်ရန် အသိတရားများကိုလည်း ရရှိသွားစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများအား စနစ်တကျသင်ကြားပေးမည်ဆိုပါက စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် အဖိုးတန်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို အလေးထားအားပေးဖြင့်တင်ဆောင်ရွက်လျက်ရှိပြီး ပညာရေးတွင် ရင်းနှီးဖြုံလှုံမှုများသည် အနာဂတ်တိုင်းပြည်အတွက် ရင်းနှီးဖြုံလှုံနှုန်းပင် ဖြစ်ကြောင်း၊ မကြာမီရောက်ရှိတော့မည့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အခြေခံပညာအဆင့် အတန်းတင်စာမေးပွဲများဖြေဆိုတော့မည်ဖြစ်ပြီး ရာနှုန်းပြည့်ဖြေဆိုနိုင်ရေးနှင့် နောင်နှစ် တန်းစဉ်ကူးပြောင်းမှုမြင့်မားရေးအတွက်လည်း လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် လိုကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်

စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ၏ ဝမ်းစာဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့ပေါ်နေပြည်သူများအတွက် လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာထုတ်လုပ်ရောင်းချပေးနိုင်မှသာ ထိုက်သင့်သည့် စားသောက်ကုန်ဈေးနှုန်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှုများ မျှတမည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိုက်သင့်သလောက် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်ရှိသည့် မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများအတွက် အသုံးချသွားရန်လိုကြောင်း၊ ဒေသတွင်း စားသောက်မှုဖူလုံရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လူတန်းစားမရွေး စားနိုင်၊ သောက်နိုင်ရေး စားရေရိက္ခာဖူလုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ယခင်အစိုးရများ အဆက်ဆက်တွင် ကုန်သွယ်မှုလိုင်စေများရှိခဲ့ပြီး လိုအပ်သည့် နိုင်ငံခြားငွေများကို Non – Trade မှရရှိသည့်ငွေများ၊ ထောက်ပံ့ငွေများဖြင့် သုံးစွဲခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်မှုများ အားနည်းခြင်းကြောင့် ကုန်သွယ်မှုလိုင်စေများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုများရှိမှသာလျှင် ပြည်ပပို့ကုန်များ ရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုပို့ငွေများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ဝင်ငွေများရရှိသင့်သလောက် မရရှိခဲ့ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဆိုင်ရာပညာရှင်များ များစွာရှိသဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အဆိုပါ ပညာရှင်များကို အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများထွက်ရှိမှုမှာ ကိန်းဂဏန်းအချက်အလက်များအရ ကွာခြားချက်များရှိနေကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ၊ စာရင်းဇယားများမှန်ကန်စွာသိရှိနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလေ့လာဆန်းစစ်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်သူများ အနေဖြင့် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စာရင်းဇယား ကောက်ယူသူများအနေဖြင့်လည်း မှန်ကန်သည့် စာရင်းဇယားများရရှိနိုင်ရေး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အဓိကအားဖြင့် မိမိတို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး အမှန်တကယ် အလုပ်လုပ်ကြရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေး အတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက တောင်သူများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသတွင်း လည်ပတ်ရင်းနှီးငွေများ များပြားလာခြင်းမှတစ်ဆင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ CMP လုပ်ငန်းများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသမှ ထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်မှုကဏ္ဍများတိုးတက်ခြင်းဖြင့် ဝန်ဆောင်မှုကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ အနေဖြင့် လယ်ယာကဏ္ဍကိုအခြေခံပြီး နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း။

ကျန်းမာရေးကဏ္ဍဖြင့်တင်ဆောင်ရွက်

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်နေဆဲဖြစ်ကြောင်း၊ မိမိတို့ အစိုးရစတင်တာဝန်ယူဆောင်ရွက်ခဲ့ချိန်တွင် ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပေါ်လျက်ရှိသည့်အချိန်ဖြစ်ပြီး လုပ်ငန်းခွင်စွန့်ခွာသွားကြသည့် ကျန်းမာရေးဝန်ထမ်းများကြောင့် အခက်အခဲများစွာဖြင့် ဖြတ်ကျော်ခဲ့ကြရကြောင်း၊ ယခုအခါ ဆေးတက္ကသိုလ်များမှ ကျောင်းဆင်းသည့်ဆရာဝန်များအား ပြည်သူ့ဆေးရုံများ၌ သက်တမ်းတစ်ခုအထိ တာဝန်ထမ်းဆောင်ရန် မူဝါဒချမှတ်ထားကြောင်း၊ မိမိတို့ အနေဖြင့် နိုင်ငံ၏ကျန်းမာရေးကဏ္ဍဖြင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ အကျိုးခံစားခွင့်များကိုလည်း ထိုက်သင့်သလောက် တိုးမြှင့်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်မှ အခမဲ့ပညာသင်ကြားပေးထားခြင်းဖြစ်သဖြင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍဖြင့်တင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခု ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဝိုင်းသုံးဝိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲရာနှုန်းပြည့် အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရန် အရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲသမားမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မဲသမားမှုများဖြစ်ပေါ်ခဲ့ခြင်းသည် မိမိတို့နိုင်ငံအတွက်ဆိုးရွားသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုများကြောင့် တာဝန်ယူခဲ့သည့် အစိုးရဖြစ်သဖြင့် မိမိတို့ကျင်းပသည့် ရွေးကောက်ပွဲသည် မဲစာရင်းမှားယွင်းမှုမရှိရန်လိုကြောင်း၊ ရာနှုန်းပြည့်မှန်ကန်နိုင်မည်မဟုတ်သော်လည်း အတတ်နိုင်ဆုံးမှန်ကန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်မဆုံးရှုံးစေရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင်ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးသည် နိုင်ငံ၏ဂုဏ်သိက္ခာဖြစ်၍ ရွေးကောက်ပွဲကျင်းပမည့် နေရာများအားလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေး အတွက် အားလုံးက ပိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် မဲသမားမှုများပြုလုပ်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များဖြင့် မဲပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး အားလုံးကပိုင်းဝန်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွတ်တော်ကိုခေါ်ယူ၍ အသစ်ဖွဲ့စည်းမည့်အစိုးရအား နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံစနစ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်သွားရမည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့်လည်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၁

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် သေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။ ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံ များတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၁၁၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းဖြင့် တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သို့လှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၈)ကြိမ်မြောက် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ် ၁၄၅၅ သိန်းကျော်တန်ဖိုးရှိ အင်္ကျီပုဆိုး၊ လက်ဆွဲအိတ်၊ ခြုံပဝါနှင့် ပါတိတ်လုံချည်များ၊ ဒေါက်တာခင်ခင်ရီ (ရှိုင်းဟုပ်ကုမ္ပဏီ) က အလှူငွေကျပ်သိန်း ၁၀၀၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် အမျိုးသားစာပေဆုရှင် တာမိုးညဲ သီဟလွင်တို့က ငွေကျပ်သိန်း ၃၀ စီ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သိန်း ၂၀၊ နေပြည်တော် ကောင်စီက ငွေကျပ် ၁၇၆၀၀၀၀၊ ဒေါက်တာတင်ထွန်းဦး–ဒေါက်တာခင်မိုးမိုး (စွယ်စုံမဲဒီယာဂရု)က ငွေကျပ် ၁၁ သိန်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ Nation Light Company Limited နှင့် ဦးကိုကိုလတ်(ရွှေအိုလတ်)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဆရာကြီး ဦးညွှန့်ဆွေ (မောင်ဆွေသက်) – ဆရာမကြီး သရက် မသက်ဆွေ၊ ဗိုလ်မှူးချုပ် အေးမြင့်ကြူ(ငြိမ်း) (ချစ်ဆွေမြင့်)–ပါမောက္ခဒေါက်တာခင်ဆွေမြင့်(ဆွေယင်းမာ–ရန်ကုန်တက္ကသိုလ်)တို့က ငွေကျပ်ငါးသိန်း စီအသီးသီးပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၁)ဦးမျိုးထွန်း (မောင်စိမ်းနောင်–လယ်ဝေး)၊ အတွင်းရေးမှူး ဦးညွှန့်တင် (မောင်ငြိမ်းသူ – ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ သတင်းစဉ်

တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၁၆ ရက် သာ လိုတော့သည်။

ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ပြင်ဦးလွင်မြို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းမြေနေရာများ ကြည့်ရှုစစ်ဆေး

ပြင်ဦးလွင် ဒီဇင်ဘာ ၁၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဘူတာအနီး မီးရထားဟိုတယ်နှင့် အဆင့်မြင့်ဈေးဝယ်စင်တာ တည်ဆောက်မည့် မြေနေရာ၊ ဘောလုံးကွင်းတည်ဆောက်မည့်မြေနေရာ၊ ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံ Cyber City စီမံကိန်းအဆောက်အအုံများနှင့် အိမ်ရာစီမံကိန်းနေရာများ၊ ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈) နှင့် ရပ်ကွက်ကြီး (၁၀)တို့ရှိ လမ်းများ တိုးချဲ့၊ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေနှင့် ပန်းပွဲတော်ကျင်းပလျက်ရှိသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ စီမံဆောင်ရွက်လျက်ရှိသည့် ပြင်ဦးလွင်ဘူတာအနီး 3 Star အဆင့်ရှိ မီးရထားဟိုတယ်နှင့်အဆင့်မြင့် ဈေးဝယ်စင်တာ တည်ဆောက်မည့်နေရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက တည်ဆောက်မည့် အဆောက်အအုံနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်မည့် အဆောက်အအုံသည် အဆင့်မြင့် လေးထပ် အဆောက်အအုံဖြစ်သဖြင့် ငလျင်ဒဏ်ခံနိုင်အောင် Pile Foundation ဖြင့် တည်ဆောက်သွားရန် ဖြစ်ကြောင်း၊ အဆောက်အအုံကို သဘာဝအလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်သော၊ လက်ရှိ ရေးဟောင်းအဆောင်အအုံဖြစ်သည့် ပြင်ဦးလွင်ဘူတာ၏ Design ပုံစံနှင့် လိုက်လျောညီထွေရှိစေမည့် ဗိသုကာဒီဇိုင်းပုံစံဖြင့် Conceptual Plan ပုံစံအား ရေးဆွဲတင်ပြသွားရန်ဖြစ်ကြောင်း၊ Landscaping နှင့် Drainage System မှအစ စနစ်တကျတွက်ချက် ရေးဆွဲရန်ဖြစ်ကြောင်း၊ 3 Stars အဆင့်ရှိသည့် ဟိုတယ်ဖြစ်သဖြင့် ဟိုတယ်အခန်းများသည် အဆင့်နှင့် လျော်ညီသော အကျယ်အဝန်းနှင့် Facility ရှိသည့် Design ပုံစံရှိရန် လိုအပ်ကြောင်း၊ အဆင့်မြင့် ဈေးကိုပါ ထည့်သွင်းတည်ဆောက်ရမည့် Design ပုံစံဖြစ်သဖြင့် ဟိုတယ်တွင် လာရောက်တည်းခိုမည့် ဧည့်သည်များနှင့် ဈေးဝယ်လာရောက်ကြမည့် ဧည့်သည်များအတွက် စံနှုန်းနှင့် ကိုက်ညီသော Facility ရှိရန်လိုကြောင်း မှာကြားပြီး စီမံကိန်း မြေနေရာများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ တည်ဆောက်ရန်လျာထားသည့် ပြင်ဦးလွင်မီးရထားရပ်ဝေးသာနှင့် စကဲခေါင်းစက်ရုံအကြား ဘောလုံးကွင်း အသစ်တည်ဆောက်မည့်မြေနေရာသို့လည်းကောင်း၊ ရတနာပုံမြို့သစ်စီမံကိန်း၏ ရတနာပုံ Cyber City အဆောက်အအုံများ၊ အိမ်ရာအဆောက်အအုံများ၊ လမ်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး

လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယင်နောက် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး(၈)သို့ ရောက်ရှိရာ တာဝန်ရှိသူများ၏ ရပ်ကွက်ကြီး (၈) နှင့် ရပ်ကွက်ကြီး(၁၀)တို့ရှိ အဓိက လမ်းမကြီးများအား လမ်းတိုးချဲ့ရန်၊ လမ်းပြုပြင်ရန်နှင့် နိုင်ငံခြားသံရုံးများ၊ နိုင်ငံတော်ဌာနကြီးများ၊ ကုမ္ပဏီများ၊ ဘဏ်များ၊ ဆေးရုံကြီးများ၊ ကျောင်းများ၊ ဘုရားပွဲတော်များ ကျင်းပသည့် ဘုရားလမ်းအား ကျယ်ပြန့်စွာ ချဲ့ထွင်ဖောက်လုပ်ရန်၊ ဘုရားလမ်းနှင့် ကြက်ခြေခတ်လမ်းတို့ ဆုံသည့်နေရာတွင် ဘုရားလမ်းအား ကျော်ဖြတ်ကာ ဖြတ်သန်းသွားလာနိုင်ရန် ကြွက်ခြေခတ်လမ်းအား ဆက်လက်ချဲ့ထွင်ဖောက်လုပ်ရန်၊ ဘုရားလမ်းနှင့် ကြက်ခြေခတ်လမ်းတို့ ဆုံသည့်နေရာတွင် ကားများ ဖြတ်သန်းသွားလာနိုင်ရန် ဆိုင်းဘုတ်များ ပြုလ

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၅) ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဖြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ် တိုင်းမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကို နယ်စပ်ဒေသများတွင် အဖြစ်ပြတ်ရှင်းလင်းရန်၊ ထိုမှတစ်ဆင့် ပြည်တွင်းအထိ ပျံ့နှံ့ရောက်ရှိမလာစေရန်၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို နိုင်ငံတော်အကြီးအကဲ၏ မူဝါဒနှင့်အညီ ထိထိရောက်ရောက် အဖြစ်ပြတ်နှိမ်နင်းရန်အတွက် အဓိက Focal ဆောင်ရွက်မည့် ကြီးကြပ်ရေးအဖွဲ့ လိုအပ်သဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ အဓိနဲ့ကြော်ငြာစာအမှတ် ၅၂/၂၀၂၅ ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီများကို ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း National Anti-Scam Centre တည်ထောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဆိုက်ဘာလုံခြုံရေးဥပဒေကို ၂၀၂၅ ခုနှစ်၊ ဧန်နဝါရီ ၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ဇူလိုင် ၃၀ ရက်မှ စတင်၍ အာဏာတည်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းပြီးဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် ပြည့်စုံသောအဖွဲ့အစည်းတစ်ရပ်အဖြစ် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် အဆင်သင့်ရှိပြီဖြစ်ကြောင်း။

ဗဟိုကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များ အနေဖြင့် နိုင်ငံတော်အဆင့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးမဟာဗျူဟာများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်ခြင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်၊ ဌေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအကြား လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေခြင်း၊ လိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လူအင်အား၊ နည်းပညာနှင့် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းရှိ အွန်လိုင်းလိမ်လည်မှု ကွန်ရက်များ၏ သတင်းအချက်အလက်များကို စုဆောင်း၊ စီစစ်၊ လေ့လာဆန်းစစ်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ဖြန့်ဝေပေးခြင်း၊ လိမ်လည်မှု ကျူးလွန်သူများ၊ Scam Centre များကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး ဦးဆောင်လုပ်ကိုင်ခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ တာဝန်ရှိအဖွဲ့အစည်းများဖြစ်သည့် INTERPOL၊ ASEANAPOL စသည်တို့နှင့်ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော်လိမ်လည်မှုများကို တိုက်ဖျက်ခြင်း၊ လိမ်လည်မှုမှရရှိသော ငွေကြေးများနှင့် ပိုင်ဆိုင်မှုများကို ခြေရာခံ၍ သိမ်းဆည်းထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ ပြည်သူလူထုအား အွန်လိုင်းလိမ်လည်မှု ပုံစံအမျိုးမျိုး၊ အန္တရာယ်များနှင့် ကာကွယ်နိုင်မည့် နည်းလမ်းများကို အချိန်နှင့်တစ်ပြေးညီ အသိပညာပေးခြင်း၊ လိမ်လည်ခံရသူများ၏ တိုင်ကြားချက်များကို လက်ခံ၍ သက်ဆိုင်ရာဌာနများမှတစ်ဆင့် အကူအညီများပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊ မိုဘိုင်းအော်ပရေတာများ၊ အင်တာနက်ဝန်ဆောင်မှုပေးသူများနှင့်ပူးပေါင်း၍ လိမ်လည်ရန် အသုံးပြုသော တယ်လီဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုက်များနှင့် အကောင့်များကို ပိတ်ဆို့တားဆီးခြင်း၊ Scam Centre များတွင် အမမှီခိုင်းစေခံရသော၊ ပိတ်မိနေသော နိုင်ငံသားများနှင့် နိုင်ငံခြားသားများကို ကယ်ဆယ်ရန် အစီအစဉ်များချမှတ်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရရှိသူများအား သက်ဆိုင်ရာနိုင်ငံများသို့ လုံခြုံစွာပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူကုန်ကူးမှု၊ အတင်းအမမှခိုင်းစေမှုများ ကျူးလွန်သည့် လိမ်လည်မှုခေါင်းဆောင်များကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဦးဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအပါအဝင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ငန်း လုပ်ကိုင်သည့် နေရာများအား ဖော်ထုတ်အရေးယူဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်အထိ နိုင်ငံခြားသား ၇၀၀၁၆ ဦးကို စီစစ်တွေ့ရှိခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း။

ကရင်ပြည်နယ်အတွင်း ကူညီကယ်တင်နိုင်ခဲ့သည့် နိုင်ငံခြားသားများ၏ ထွက်ဆိုချက်များအရ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ဝင်ရောက်၍ ဘန်ကောက်မြို့မှ မဲဆောက်မြို့သို့ မော်တော်ယာဉ်၊ လေယာဉ်တို့ဖြင့် သွားရောက်ခြင်း၊ မဲဆောက်မြို့မှ တစ်ဆင့် သောင်ရင်းဖြစ်အား တရားမဝင်ဖြတ်ကူး၍ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကုမ္ပဏီများသို့ သွားရောက်ခြင်း၊ တရားဝင်ဗီဇာဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး မော်တော်ယာဉ်ဖြင့် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကုမ္ပဏီများသို့သွားရောက်ခြင်းတို့ဖြစ်သည်ကို သိရှိရကြောင်း၊ ရာခိုင်နှုန်းအားဖြင့် မဲဆောက်ဘက်မှ ကူးလာသူ ၉၉ ဒသမ ၆ရာခိုင်နှုန်းဖြစ်ပြီး ပြည်တွင်းလမ်းကြောင်းမှ သွားရောက်သူ ၀ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ သက်ဆိုင်ရာသံရုံးများ အနေဖြင့် ၎င်းတို့နိုင်ငံသားများအား လူကုန်ကူးခံရသူများဖြစ်သည်ဟုဖော်ပြ၍ အကူအညီတောင်းခံကြသော်လည်း စီစစ်တွေ့ရှိချက်အရ အချို့သည် လူကုန်ကူးခံရသူများမဟုတ်ကြောင်း၊ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် လာရောက်အလုပ်လုပ်ကိုင်ကြသူများဖြစ်ကြောင်း။

ယင်းရာဇဝတ်မှုများသည် မြန်မာနိုင်ငံ၏ နယ်မြေအတွင်း တည်ရှိနေခြင်းထက် ကွင်းဆက်များစွာဖြင့်လည်ပတ်နေသော စီးပွားရေးလုပ်ငန်းအဖြစ် ရှုမြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် Scam Centre တည်နေရာဖြစ်သော်လည်း ယင်းရာဇဝတ်မှု၏ အရင်းအမြစ်နှင့် အဓိကကျိုးအမြတ် ရရှိသူမဟုတ်ကြောင်း၊ ၎င်းလုပ်ငန်းအတွက် လူကုန်ကူးခံရသူအားလုံးသည် မြန်မာနိုင်ငံသားများ မဟုတ်သလို လိမ်လည်မှုမှရရှိသော ငွေကြေးအားလုံးသည်လည်း မြန်မာနိုင်ငံ၏ဘဏ်စနစ်အတွင်းရောက်ရှိလာခြင်းမရှိကြောင်း၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအရ နိုင်ငံတိုင်းသည် မိမိတို့နှင့်သက်ဆိုင်သော အစိတ်အပိုင်းအားလုံးကို တိုက်ဖျက်ရန် တာဝန်ရှိကြောင်း၊ အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာ ရာဇဝတ်မှုတိုက်ဖျက်ရေး စုံနှုန်းများနှင့်အညီ နိုင်ငံတိုင်းသည် မိမိတို့၏ တာဝန်ကျရာကဏ္ဍာကို အပြည့်အဝထမ်းဆောင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခဒေသများမှလူကုန်ကူးခံရသူများကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့အား လုံခြုံစိတ်ချစွာ ဇာတိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် သက်ဆိုင်ရာသံရုံးများ၊ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ ပြန်လည်အခြေချနိုင်ရန်အတွက် ယင်းနေရာများရှိ အဆောက်အအုံများအား ၁၀၀ ရာခိုင်နှုန်း ဖျက်ဆီးပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ အဆိုပါနေရာများ၌ တည်ဆောက်ထားသည့် အဆောက်အအုံများအတွက် လိုအပ်သော အိမ်ဆောက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်မီး၊ စက်သုံးဆီ၊ အင်တာနက် စသည်တို့ကိုလည်း တစ်ဖက်နိုင်ငံမှ တစ်ဆင့် ရယူအသုံးပြုဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

Scam Centre များ လည်ပတ်ရန်အတွက် လိုအပ်သည့်ဝန်ထမ်းအင်အားကို တရားမဝင် နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် လူကုန်ကူးခြင်းဖြင့် ရရှိနေခြင်းဖြစ်ကြောင်း၊ တရားမဝင်နယ်စပ်ကုန်သွယ်ရေးသည် Scam Centre များအတွက် ငွေကြေးခဝါချရန် လမ်းကြောင်းများ ဖန်တီးပေးနေခြင်းဖြစ်ကြောင်း၊ လူကုန်ကူးခံရသူများအား သယ်ယူပို့ဆောင်ရန်လမ်းကြောင်းများကို ပုံပိုးပေးနေခြင်းဖြစ်ကြောင်း၊ ယင်းသို့ဆက်စပ်မှုများကို ဖြတ်တောက်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှု တိုက်ဖျက်ရေးသည် အမျိုးသားရေးကိစ္စဖြစ်ပြီး မြန်မာနိုင်ငံနယ်စပ်တွင် ပေါ်ပေါက်လာသော အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းသည် နိုင်ငံတကာ ရာဇဝတ်မှုများ ကျူးလွန်နေခြင်းဖြစ်သလို ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများ၏ အရင်းအမြစ်တစ်ခုဖြစ်သဖြင့်ပြတ်ပြတ်သားသား ချေမှုန်းဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသအချို့ရှိ တရားဥပဒေစိုးမိုးနိုင်မှုကင်းလွတ်နေသောနေရာများတွင် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ပုံရိပ်ကို ထိခိုက်စေနိုင်သဖြင့် ပြတ်ပြတ်သားသားနှိမ်နင်းလျက်ရှိကြောင်း၊ ၎င်းလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် နိုင်ငံ ၅၄ နိုင်ငံမှ နိုင်ငံခြားသား ၇၀၀၀၀ ကျော်ကို ရှာဖွေကယ်တင်ခြင်း၊ ဖမ်းဆီးခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးခြင်းမှာ ကမ္ဘာ့အများဆုံး တရားခံလွှဲပြောင်းပေးမှုဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုနှင့် ဆက်စပ်ဖြစ်ပွားသော မှုခင်းများသည် နိုင်ငံတကာရာဇဝတ်မှုခင်းများဖြစ်၍ နိုင်ငံတကာနှင့်အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု၊ ယင်းတို့နှင့်ဆက်စပ်ဖြစ်ပွားသည့် ရာဇဝတ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ (၁) နှင့် ဗဟိုကော်မတီဝင်များက တင်ပြဆွေးနွေးကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၁၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနည်းတရိုတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မိုး/၈လ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီနှံ့ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒီဇင်ဘာ ၁၁ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးအဖြစ် ဒို့အတူတူ မဲပေးကြမယ်၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ် ဆီသို့ မြေမိုက်ပိုစတာ စိုက်ထူပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။

ခရိုင်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆော်ဒီအာရေဗျ သံအမတ်ကြီး မစ္စတာ ဆာအု(ဒ်) ဘင် အပွဒ္ဒူလာ အယ်လ် စုဘိုင် အား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် ဆော်ဒီအာရေဗျ သံအမတ်ကြီး မစ္စတာ ဆာအု(ဒ်) ဘင် အပွဒ္ဒူလာ အယ်လ် စုဘိုင်အား ယနေ့မွန်းလွဲ ၃နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။ (ယာဝုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးအပေါ် သုံးသပ်ခဲ့ကြပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြားရှိ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများနှင့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသော “လူတိုင်းအကျုံးဝင်ပညာရေး၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများဆိုင်ရာ” အဆင့်မြင့်အရာရှိကြီးများ နိုင်ငံတကာညီလာခံ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ယူနက်စကိုအဖွဲ့က ကြီးမှူးကျင်းပသည့် “လူတိုင်းအကျုံးဝင်ပညာရေး၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများဆိုင်ရာ” အဆင့်မြင့်အရာရှိကြီးများ နိုင်ငံတကာညီလာခံသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အဆိုပါညီလာခံ၏ မျက်နှာစုံညီအစည်းအဝေးကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Miklukho-Maklaya St.,6. (RUDN University main building) ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် RUDN University ၏ President ဖြစ်သူ Filippov Vladimir Milhailovich က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများက ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် Plenary session အား ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက “Building and Inclusive Education System: Myanmar’s Efforts” ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် လူတိုင်းအကျုံးဝင် ပညာရေး (Inclusive Education) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားပညာရေးဥပဒေများတွင် အခမဲ့အခြေခံပညာသင်ကြားပေးခြင်း၊ ခွဲခြားမှုမရှိဘဲ ပညာသင်ကြားပေးခြင်း စသည့်အချက်များ ပြဋ္ဌာန်းထားရှိပါကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP–2021–2030) တွင်လည်း ဝေးလံခေါင်ဖျားဒေသရှိသူများအပါအဝင် တိုင်းရင်းသားလူမျိုးများ၊ မသန်စွမ်းသူများ၊ အားလုံးပညာသင်ကြားခွင့်ရရှိရေးကို ဆောင်ရွက်လျက် ရှိပါကြောင်း။

အခြေခံ ပညာကျောင်းများ အပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကျောင်းပြင်ပ ပညာရေးဆောင်ရွက်မှုများ၊ ရှေးဦး ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး (ECCD) အတွက် ဆောင်ရွက်မှုများ၊ သက်မွေးပညာသင်ကြားပေးခြင်းဆိုင်ရာ ဆောင်ရွက်မှုများ စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ မိခင်ဘာသာစကားအခြေပြု ပညာရေးစနစ်ကို ဖော်ဆောင်လျက် ရှိပါကြောင်း၊ ဆရာ ဆရာမများကို လူတိုင်းပါဝင်လာနိုင်မည့် ပညာရေးစနစ် ပေါ်ထွန်းလာစေရန် သင်ကြားမှုနည်းစနစ်များကို ပံ့ပိုးပေးလျက် ရှိပါကြောင်း၊ အနာဂတ်ကာလတွင် မြန်မာတစ်နိုင်ငံလုံးအနေဖြင့် လူတိုင်း အကျုံးဝင်ပညာရေး စနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါ Plenary session တွင် ဟန်ဂေရီ၊ ဇင်ဗာဘွေ၊ ကမ္ဘောဒီးယား၊ အီရန်၊ ကာဇက်စတန်၊ တာ့ဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန် နိုင်ငံ၊ ဗဟိုအာဖရိကသမ္မတနိုင်ငံများ၏ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ လည်း ပါဝင်ဆွေးနွေးကြသည်။

ညနေပိုင်းတွင် Development meeting of International Cooperation to Ensure Access to Quality Education ခေါင်းစဉ်ဖြင့် Closed meeting ကျင်းပရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ UNESCO အမျိုးသားကော်မရှင်များမှ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်များ၊ ကျောင်းများနှင့် နိုင်ငံတကာ MoU, MoA များ၊ AUN– AUA ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ AUN–QA Accreditation နှင့် ပတ်သက်သည့် ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ UNESCO အမျိုးသားကော်မရှင်၏ ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုဖြင့်တင် ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ငလျင်ဘေးသင့်ပြည်သူများအတွက် ကိုရီးယားသမ္မတနိုင်ငံမှ ဆန် တန် ၃၀၀၀၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆန် ၂၇၅ တန် ထပ်မံလှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၁၁

အာဆီယံ အပေါင်းသုံးဘရေပေါ် ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃ (၂၀၂၅)အရ ငလျင်ဘေးသင့် ပြည်သူများအတွက် ထပ်မံလှူဒါန်းသည့် ကိုရီးယားသမ္မတနိုင်ငံမှ ဆန် တန် ၃၀၀၀ ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆန် ၂၇၅ တန်နှင့် ပုံမှန်အစီအစဉ်ဖြင့် လှူဒါန်းခြင်း အစီအစဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ ဆန် တန် ၂၀၀၀၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆန် ၃၇၅ တန် စပ်လျဉ်းသည့် သဘောတူညီမှု စာချွန်လွှာ (Memorandum of Agreement –MoA) လေးစောင်ကို ယနေ့ လက်မှတ်ရေးထိုးသည်။

အဆိုပါသဘောတူညီမှုစာချွန်လွှာများကို နေပြည်တော်ရှိ ရုံးအမှတ်(၁၅) ၌ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr. Choomjet Karn-janakesorn တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး လက်မှတ်ရေးထိုးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် APTERR အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ လည်း တက်ရောက်ကြသည်။

ငလျင်ကြီးအပြီး (APTERR) အစီအစဉ်-၃ အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် ဆန်တန်ချိန် ၃၀၀၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ဆန်တန်ချိန် ၅၀၀ တို့ကို ဘေးသင့်ဒေသ ပြည်သူများထံ ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။

ယခု ကိုရီးယားသမ္မတနိုင်ငံမှ ထပ်မံ လှူဒါန်းသည့် ဆန်တန်ချိန် ၃၀၀၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထပ်မံလှူဒါန်းသည့် ဆန် ၂၇၅ တန်တို့ကို ငလျင်ဘေးသင့် ပြည်သူများထံ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ပြီး (APTERR) အစီအစဉ်-၃ ၏ ပုံမှန်အစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် ဆန်တန်ချိန် ၂၀၀၀ နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ လှူဒါန်းသည့် ဆန် ၃၇၅ တန်တို့ကို သဘာဝဘေးကြုံတွေ့လာရပါက ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မင်းလှမြို့နယ်၌ အခွန်ပညာပေး ရှုင်းလင်းဆွေးနွေး

အထက်မင်းလှ ဒီဇင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ဖြင့် ကပ်နှိပ်ရောင်းချသည့် စားသောက်ဆိုင်၊ ဟိုတယ်နှင့်တည်းခိုခန်း၊ ရွှေထည်လက်ဝတ်ရတနာများ ရောင်းချသည့် လုပ်ငန်း၊ ရုပ်သံလွှင့်မီဒီယာ လုပ်ငန်း၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့် လုပ်ငန်းရှင်များအား အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးအောင်က အခွန်ကောက်ခံခြင်းကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဝင်းမြတ်(အထက်မင်းလှ)

မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုခြင်းဖြင့် အဂတိလိုက်စားမှုကိုတိုက်ဖျက်စို့

မယ်မွေး (MA. Corruption and Governance, UK)

အထွေထွေရွေးကောက်ပွဲ

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဦးတည်ချက် (၄)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာတွင် **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး"** ဟူသော စတုတ္ထမြောက် ဦးတည်ချက်လည်း အပါအဝင် ဖြစ်သည်။ အဆိုပါ စတုတ္ထမြောက်ဦးတည်ချက်အား ပြည့်ဝစွာ အောင်မြင်စေရေးအတွက် ယခု ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးရက်သတ္တပတ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ကျင်းပမည်ဖြစ်ပါသည်။

ခေတ်နှင့်အမီ MEVM စနစ်

ဤသို့ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရာတွင် မြန်မာနိုင်ငံ၌ ယခင်ကျင်းပခဲ့သော ရွေးကောက်ပွဲများနှင့် မတူသည့် ထူးခြားချက်မှာ မြန်မာအီလက်ထရောနစ် မဲပေးစနစ် (Myanmar Electronic Voting Machine – MEVM) ကို အသုံးပြုခြင်းဖြစ်ပါသည်။

အီလက်ထရောနစ် မဲပေးခြင်းစနစ်ဆိုသည်မှာ အလွယ်ကူအရိုးရှင်းဆုံးပြောရလျှင် အီလက်ထရောနစ် စနစ်အပေါ် အခြေခံထားသော မဲပေးရာတွင် အသုံးပြုရသည့်စက်ကို အသုံးပြုခြင်းဖြစ်ပါသည်။ အဆိုပါစက်ကို အသုံးပြုခြင်းသည် မဲပေးသည့် စနစ်တွင် ကြုံတွေ့ရသော မဲရေတွက်ရာတွင် လူအင်အား၊ အချိန်အဖြောင်အဖြား အသုံးပြုရခြင်း အပြင် ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် ရည်ရွယ်ပါသည်။ နောက်ပိုင်းနည်းပညာများ အဆင့်မြင့်လာသောအခါ ထိုစနစ်တွင် မျက်ကြည်လွှာစကင်ဖတ်ခြင်းနှင့် တိုက်ရိုက်မှတ်တမ်းတင်ခြင်းကို ဆောင်ရွက်နိုင်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ရှုထောင့်မှ ကြည့်မည်ဆိုလျှင် Electronic Voting Machine (EVM) စနစ်ကို အသုံးပြုခြင်းသည် ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုကို ပပျောက်စေကြောင်းကို သုတေသနစာတမ်း အများအပြားတွင် တွေ့ရှိရပါသည်။

ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုဆိုတာ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဂတိလိုက်စားမှုသည် ပုံစံအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် ဖြစ်ပွားလျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ကဏ္ဍအသီးသီးတို့တွင် နယ်ပယ်အလိုက် အဂတိလိုက်စားမှုပုံစံအမျိုးမျိုးရှိပြီး ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုများ ဖြစ်ပွားလေ့ရှိပါသည်။ ရွေးကောက်ပွဲများတွင် တွေ့ရှိရသော အဂတိလိုက်စားမှုများကို နိုင်ငံ၏ နိုင်ငံရေးစနစ်၊ အလေ့အထအပေါ်တွင် အမျိုးမျိုးသတ်မှတ်ကြသော်လည်း အဓိကအားဖြင့် မဲလက်မှတ်များ ဖျောက်ဖျက်ခြင်း၊ မဲခိုးခြင်း၊ မဲများမှားယွင်းရေတွက်ခြင်း၊ မဲစာရွက်လက်မှတ်အား ပြောင်းလဲဖျက်ဆီးခြင်း စသည်တို့ ပါဝင်သည်။ အဆိုပါပြဿနာများ ဖြစ်ပွားရသော အကြောင်းရင်းများ၏ မြစ်ဖျားခံရာသည် စာရွက်များအသုံးပြု၍ မဲများပြုလုပ်ခြင်း၊ မဲများအား လက်ဖြင့်ရေတွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲမှု အားနည်းခြင်းတို့ကြောင့် ဖြစ်ပွားလေ့ရှိပါသည်။

အီလက်ထရောနစ် မဲပေးစက် အသုံးပြုခြင်း သမိုင်း

ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှု ပေါ်ပေါက်စေရေးအတွက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအစီအစဉ်များ ပြုလုပ်ကြရာတွင် အီလက်ထရောနစ်မဲပေးစနစ်ကို အသုံးပြုခြင်းဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်နိုင်ကြောင်း တွေ့ရှိရပါသည်။ အီလက်ထရောနစ် မဲပေးခြင်းစနစ်သည် ရွေးကောက်ပွဲဆိုင်ရာ မဲပေးမှုတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံ တာဝန်ယူမှု၊ မဲပေးခြင်း ဆိုင်ရာစနစ်အား လုံခြုံမှုရှိစေရေးအတွက် ရည်ရွယ်၍ ဆောင်ရွက်ထားသည့်စနစ် ဖြစ်ပါသည်။

ယင်းစနစ်ကို စတင်သုံးစွဲခဲ့သည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံ ကာရာလာမြောက်ပိုင်း ရွေးကောက်ပွဲတွင် စတင်စမ်းသပ်အသုံးပြုခဲ့ပါသည်။ မဲရုံအရေအတွက် ၈၄ ရုံတွင် မဲရုံ ၅၀ တွင် အသုံးပြုနိုင်ခဲ့ပါသည်။ ၁၉၉၀ ပြည့်လွန်နှစ်များအရောက်တွင် အိန္ဒိယနိုင်ငံ၌ မဲပေးသူပေါင်းသန်း ၈၀၀ ကျော် ရှိလာခဲ့၍ မဲအရေအတွက်စနစ်များ မှားယွင်းခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ လိမ်လည်မှုများ ဖြစ်ပေါ်ရန် ဦးတည်လာသောကြောင့် အိန္ဒိယရွေးကောက်ပွဲကော်မရှင်က အီလက်ထရောနစ် မဲပေးခြင်းဆိုင်ရာ စနစ်ကို ပိုမိုခေတ်မီတွင်ကျယ်စွာ အသုံးပြုနိုင်ရေး အတွက် ဆောင်ရွက်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် EVMs စနစ်ကို အပြည့်အဝ ကျင့်သုံးနိုင်ခဲ့ပါသည်။

အရှေ့တောင်အာရှမှ မှတ်တိုင်

အရှေ့တောင်အာရှနိုင်ငံများအနက် EVMs စနစ်ကို အသုံးပြုသည့် နိုင်ငံများတွင် ဖိလစ်ပိုင်နိုင်ငံသည်လည်း အပါအဝင်ဖြစ်ပြီး မျက်ကြည်လွှာစကင်ဖတ်စနစ်နှင့် အလိုအလျောက် မဲရေတွက်သည့်စနစ်ပါဝင်သော မဲပေးစက်ကို အသုံးပြုပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ရွေးကောက်ပွဲကော်မရှင်က ၁၉၉၆ ခုနှစ်မှစတင်၍ ရွေးကောက်ပွဲတွင် အီလက်ထရောနစ် မဲပေးစနစ်စတင်ကျင့်သုံးရန် ဆောင်ရွက်ခဲ့ပြီး ၁၉၉၈ ခုနှစ် နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲတွင် ယင်းစနစ်ကို အကန့်အသတ်ဖြင့် အသုံးပြုခဲ့ပါသည်။ ၂၀၀၃ ခုနှစ်တွင် လက်ဗွေစနစ်နှင့် ဒစ်ဂျစ်တယ်ဓာတ်ပုံစနစ်၊ လက်မှတ်ရေးထိုးခြင်းစနစ် ပါဝင်သည့် ခေတ်မီမဲပေးစက်ကို စတင်အသုံးပြုနိုင်ခဲ့သည်။ ကနဦးအသုံးပြုသော အီလက်ထရောနစ် မဲပေးစနစ်တွင် အခက်အခဲများရှိသဖြင့် ၂၀၀၇ ခုနှစ်တွင် အီလက်ထရောနစ် အလိုအလျောက်မဲပေးစနစ်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် EVMs စနစ်ကို အပြည့်အဝ ကျင့်သုံးနိုင်ခဲ့ပါသည်။

အီလက်ထရောနစ်မဲပေးစက်၏ အားသာချက်များ

၂၀၁၉ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၏ ရွေးကောက်ပွဲများတွင် အီလက်ထရောနစ်မဲပေးစနစ် အသုံးပြုမှုအပေါ်တွင် စစ်တမ်းကောက်ယူချက်အရ စက်ချွတ်ယွင်းမှုဖြစ်ပွားသည့် ပြဿနာသည် တစ်ရာခိုင်နှုန်း-နှစ်ရာခိုင်နှုန်းသာရှိကြောင်း၊ မဲရလဒ်စာရင်းစစ်မှုသည် သုည ဒသမ ၀၁ ရာခိုင်နှုန်းထက် နည်းပါးကြောင်း တွေ့ရှိရပါသည်။ အီလက်ထရောနစ် မဲပေးစနစ် အသုံးပြုခြင်း၏ အားသာချက်များအနက် မဲစက္ကူပေါင်း သန်းပေါင်းများစွာ အသုံးမပြုရခြင်း၊ မဲများသိုလှောင်သိမ်းဆည်းခြင်းအတွက် နေရာအခက်အခဲမရှိခြင်း၊ မဲရေတွက်ရန်အတွက် လူစွမ်းအား အရင်းအမြစ်များ များစွာအသုံးမပြုရခြင်း၊ မဲပြန်လည်ရေတွက်ရခြင်း အစရှိသော အခက်အခဲများကို မကြုံတွေ့နိုင်ခြင်း၊ ရေရှည်တွင် ကုန်ကျစရိတ်သက်သာခြင်းကို တွေ့ရှိရပါသည်။ ထို့အပြင် မဲပေးရာတွင် အသုံးပြုရသောစက္ကူမှာ သဘာဝဝါးပင်များမှရရှိသော ထုတ်ကုန်ဖြစ်ပါသည်။ အီလက်ထရောနစ်မဲပေးစနစ် အသုံးပြုခြင်း၏ အားသာချက်များအနက် စက္ကူချုပ်အရေအတွက် သန်းပေါင်းများစွာ အသုံးမပြုရသောကြောင့် သဘာဝဝတ်ဝန်းကျင် ထိခိုက်မှုအား လျော့ချနိုင်ခြင်းမှာလည်း ဝမ်းမြောက်စရာ ကိစ္စရပ်ပင်ဖြစ်ပါသည်။

ယုံကြည်မှုကိုတည်ဆောက်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်သည် ပြည်တွင်းနည်းပညာရှင်များ ပထမဆုံး တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ပြီး အမျိုးသား စံချိန်စံညွှန်းကောင်စီက မဲပေးစက်ဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ စစ်ဆေးကာ မြန်မာစံချိန်စံညွှန်း(MMS) အဖြစ်လည်းကောင်း၊ အမျိုးသားအဆင့် အရည်အသွေး ထောက်ခံချက် ထုတ်ပေးရေးဆိုင်ရာ ကော်မတီ (National Certification Committee – NCC)က စိစစ်အတည်ပြုထုတ်ပေးသည့် အရည်အသွေးကိုက်ညီမှု ထောက်ခံချက် (Certification of Conformity) လက်မှတ်ကိုလည်းကောင်း၊ အမျိုးသားအဆင့် အရည်အသွေးထောက်ခံချက် ထုတ်ပေးရေးအဖွဲ့ (National Certification Body–NCB)က ထုတ်ပေးသည့် မြန်မာ့စံချိန်စံညွှန်း အမှတ်တံဆိပ် (MMS Standard Mark) အသုံးပြုခွင့် လိုင်စင်ကိုလည်းကောင်း ရရှိပြီးဖြစ်ပါသည်။ ထို့ပြင် မြန်မာအီလက်ထရောနစ်မဲပေးစက်သည် မဲနှင့် မဲရလဒ်စာရင်းသွင်းမှု မှတ်တမ်းများတွင် တိကျမှန်ကန်စေခြင်း၊ ဇီဝဆိုင်ရာ အချက်အလက်များ အတည်ပြုခြင်း၊ မဲပေးရာတွင် အချိန်မှတ်တမ်းများ အတိအကျထွက်ခြင်းနှင့် လူပုဂ္ဂိုလ်ကြောင့် ဖြစ်ပွားသော မတော်တဆမှားယွင်းခြင်းနှင့် ကြိုတင်ကြံစည်ခြင်းများကို ပပျောက်စေမည်ဖြစ်ပါသည်။

သန့်ရှင်းသော ရွေးကောက်ပွဲ

အီလက်ထရောနစ်မဲပေးစက်သည် ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ကျင်းပပြုလုပ်ကြသည့် အထွေထွေရွေးကောက်ပွဲများတွင် အသုံးပြုရာမှတစ်ဆင့် သိရှိလာရသော အားသာချက်များ၊ အားနည်းချက်များနှင့် နည်းပညာအခက်အခဲများအပေါ် အခြေခံပြီး အဆင့်ဆင့်တိုးတက်ပြောင်းလဲလာသော နည်းပညာတစ်ခုဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ဖြစ်ပွားလေ့ရှိသော အဂတိလိုက်စားမှု ပုံစံအများအပြားကို ပပျောက်စေနိုင်သည့် နည်းပညာဖြစ်သောကြောင့် ယခုကဲ့သို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုနိုင်ခြင်းသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံ တာဝန်ယူမှု၊ ကောင်းမွန်သောအုပ်ချုပ်မှု၏ ပြယုဂ်တစ်ခုဖြစ်သလို မဲစာရွက်များ လိမ်လည်လုပ်ကြံခြင်း၊ မဲစာရွက်များ စုတ်ပြဲခြင်း၊ မဲရေတွက်မှုမှားယွင်းခြင်း၊ မဲများထပ်နေခြင်း အစရှိသည့် ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုများ လုံးဝမဖြစ်ပွားစေနိုင်သည့် နည်းပညာတစ်ခုလည်း ဖြစ်ပါသည်။

ရွေးကောက်ပွဲမှတ်တိုင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း၏ အကြီးမားဆုံး မျှော်လင့်ချက်ဖြစ်သောကြောင့် ယခုကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် အရေးကြီးသော နိုင်ငံ့သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါသည်။ ဤကဲ့သို့ အရေးကြီးသော မှတ်တိုင်တစ်ခုကို စိုက်ထူရာတွင် ခေတ်မီနည်းပညာကို အသုံးပြုထားသော အီလက်ထရောနစ်မဲပေးစက်ကို အသုံးပြုနိုင်ခြင်းသည် မြန်မာ့သမိုင်းကြောင်းတစ်လျှောက်တွင် ကြီးမားသော အပြောင်းအလဲဖြစ်ပြီး အောင်မြင်မှုတစ်ရပ်လည်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရသော် သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုအတွက် အရေးအကြီးဆုံးဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုကင်းစင်ကြောင်းကို မျက်ဝါးထင်ထင် ပြသနိုင်ခြင်းပင် ဖြစ်ပါသည်။ ။

"ရွေးကောက်ပွဲတွင် ဖြစ်ပွားလေ့ရှိသော အဂတိလိုက်စားမှု ပုံစံအများအပြားကို ပပျောက်စေနိုင်သည့် နည်းပညာဖြစ်သောကြောင့် ယခုကဲ့သို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုနိုင်ခြင်းသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံ တာဝန်ယူမှု၊ ကောင်းမွန်သောအုပ်ချုပ်မှု၏ ပြယုဂ်တစ်ခုဖြစ်သလို မဲစာရွက်များ လိမ်လည်လုပ်ကြံခြင်း၊ မဲစာရွက်များ စုတ်ပြဲခြင်း၊ မဲရေတွက်မှုမှားယွင်းခြင်း၊ မဲများထပ်နေခြင်း အစရှိသည့် ရွေးကောက်ပွဲဆိုင်ရာ အဂတိလိုက်စားမှုများ လုံးဝမဖြစ်ပွားစေနိုင်သည့် နည်းပညာတစ်ခုလည်း ဖြစ်"

ရည်ညွှန်းကိုးကား

- Website : Union Election Commission (Myanmar)
- The impact of electronic voting machines on electoral frauds, democracy and development
- Protecting Democracy in an increasing Digital World : A Philippine e – Voting Story

Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့တွင်

“ဒို့အတူမဲပေးကြမယ်” အသိပညာပေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign များ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၁ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်ရေး “ဒို့အတူ မဲပေးကြမယ်” အသိပညာပေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ကို ယနေ့တွင် နေပြည်တော်ရှိ Naypyitaw State Academy နှင့် Naypyitaw State Polytechnic University တို့၌ ဆောင်ရွက်သည်။

နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ဆောင်ရွက်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းသည် Naypyitaw State Academy မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက် အားပေးသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက “ဒို့အတူမဲပေးကြမယ်”၊ ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ဖို့အတွက် ရွေးကောက်ပွဲမှလွဲ၍ အခြားနည်းမရှိပါ၊ ပြည်သူများ လိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်ပါသည်၊ ဒီမိုကရေစီနိုင်ဖြဖို့ မဲရဲသွားပြီး မဲပေးကြပါစို့၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ဦးဆောင်နိုင်သူ ရွေးချယ်ကြပါစို့ စသည့် အသိပညာပေးလက်ကမ်းစာစောင်များကို လှုံ့ဆော်ရေး Campaign သို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးသည်။

ထို့နောက် “ပြင်းထန်သည့် ငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည် တည်ဆောက်ကြမည့် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့” နှင့် “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” မှတ်တမ်းဒီဒီယိုတို့ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် အသိပညာများ ရရှိစေရန်ရည်ရွယ်၍ ယနေ့ Campaign ပြုလုပ်ရခြင်း ဖြစ်ပါကြောင်း၊ မကြာမီ ကျင်းပတော့မည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ကျောင်းသား ကျောင်းသူများနှင့် လည်း သက်ဆိုင်ပါကြောင်း၊ အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသားတိုင်း လာမည့်ရွေးကောက်ပွဲတွင် မဲပေးသင့်ပြီး မဲပေးရန် လည်း တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် ပညာတတ်လူငယ်များ ဖြစ်သည်အားလျော်စွာ အသည်းကြား ဓာတ်ပြားကို ပညာနှင့် နှိုင်းယှဉ်စဉ်းစား သုံးသပ်ပြီး ရွေးချယ်မဲပေးကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအတွက် MRTV DTH စလောင်း ၁၅ စုံ၊ DVB-T2 Set Top Box ၁၀ လုံး တို့ကို ကံစမ်းမဲဖောက်ပေးပြီး ဖြန်မာ့အသံနှင့် ရုပ်မြင်သံကြား မှ ခေတ်ပေါ်တီးဝိုင်းအဖွဲ့နှင့်အတူ နိုင်ငံကျော် အနုပညာရှင်များ၊ ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် Naypyitaw State Polytechnic University ရှိ စုဝေးခန်းမ၌ ဆက်လက်ပြုလုပ်ရာ မှတ်တမ်းဗီဒီယိုများပြသပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားကာ တက်ရောက် လာကြသူများအတွက် MRTV DTH စလောင်းအစုံ ၃၀၊ DVB-T2 Set Top Box အလုံး ၂၀ တို့ကို ကံစမ်းမဲဖောက်ပေးသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တီးဝိုင်းအဖွဲ့နှင့်အတူ နိုင်ငံကျော် အနုပညာရှင်များ၊ ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် Naypyitaw State Polytechnic University မှ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအား “ဒို့အတူတူ မဲပေးကြမယ်” အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲလှုံ့ဆော်မှု Campaign များကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ဖော်ဆောင်နိုင်ရေးအတွက် “ဒို့အတူ မဲပေးကြမယ်” အသိပညာပေး လူထုလှုံ့ဆော်မှုများကို နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက် လျက်ရှိသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လပွတ္တာမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၁ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ရှိ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောဏ္ဍည အမှုဆောင်ပြုသော ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထား၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရား နာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာမြို့ရှိ ဆည်မြောင်းဧည့်ရိပ်သာခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးဆောင်ရွက်ထားရှိမှု၊ မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်ရေးဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာမြို့ (၃)မိုင်ရပ်ကွက်ရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအနေဖြင့် နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရေးအတွက် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန် လိုအပ်မှု၊ ရွေးကောက်ပွဲတွင် နိုင်ငံသားကတ်ပြား ကိုင်ဆောင် မဲပေးနိုင်ရေးနှင့် ကတ်ပြားပျက်စီး၊ ပျောက်ဆုံးသူများအနေဖြင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံးများသို့ ဆက်သွယ်လျှောက်ထားရယူရေး၊ နိုင်ငံသားကတ်ပြား ရရှိကိုင်ဆောင်ထားသူများအနေဖြင့်လည်း Unique ID နံပါတ် ရရှိရေး ဆက်လက်ဆောင်ရွက်ရန် တို့ကို ရှင်းလင်းဆွေးနွေးပြောကြား၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးအတွက် ဆိုလာမီးများ ပေးအပ်သည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လပွတ္တာခရိုင်ဦးစီးမှူးရုံး၌ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှု အခြေအနေများကိုလည်း ကောင်း၊ လပွတ္တာမြို့နယ် ဦးစီးမှူးရုံး၌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးနေမှုများ၊ ပြောက်ဆုံးသူများအတွက် ကတ်ပြားအစားထိုး ထုတ်ပေးနေမှုများ၊ ကတ်ပြားပျက်စီးသူများအတွက် ကတ်ပြားအစားထိုး ထုတ်ပေးနေမှုများ၊ ကတ်ပြားပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်မှုအတွက် မိတ္တူဆောင်ရွက်ပေးပြီး Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှု၊ ရုံးစာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ရုံးများအတွက် ဆိုလာမီးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရန်အတွက် “ဒို့အတူတူ မဲပေးကြမယ်” လက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၉ ရက်က အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စစ်ကိုင်း-မန္တလေးကားလမ်း သံလမ်းဆုံတွင် ဖြန့်ဝေစဉ်။ စိုးသိဟ(အမရ)

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပမည့် မဲရုံများ မီးဘေးလုံခြုံရေးအတွက် ဒီဇင်ဘာ ၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်နှင့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်းများအလိုက် ရွှေ၊ ငွေနှင့် ကြေး ဆွတ်ခူးရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစားအဖွဲ့များအား ဂုဏ်ပြုကြိုဆို

ရန်ကုန် ဒီဇင်ဘာ ၁၁

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပလျက်ရှိရာ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစားအဖွဲ့များမှ အားကစားနည်းများအလိုက် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၊ အုပ်ချုပ်သူနည်းပြ စုစုပေါင်း ၃၈ ဦးပါဝင်သော မြန်မာ့အားကစားအဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစား အဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့အားကစားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)

◆ *ကျောဖုံးမှ*

မိတာ ၂၀၀ ကနူး အမျိုးသားအသင်းတို့က ဒုတိယငွေတံဆိပ်နှစ်ဆု၊ ကယက် Slalom အမျိုးသမီး တစ်ယောက်လှော်နှင့် ဂျူဒိုခို (Nage-no-Kata) နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် တတိယကြေးတံဆိပ်ဆု နှစ်ဆု ထပ်မံဆွတ်ခူး ရရှိခဲ့သည်။

နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Ronnaphakat Building, Navaminda Kasatriyadhiraj Air Force Academy ၌ ကျင်းပလျက်ရှိသည့် ဂျူဂျစ်ဆု အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် မြန်မာအသင်းက -၆၉၊ -၈၅၊ -၄၈၊ -၅၇ ကီလိုတန်းပြိုင်ပွဲ လူရွေးပွဲနှင့် ဗိုလ်လုပွဲပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ပြီး တိုက်ကွမ်ဒို အမျိုးသမီး -၆၇ ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် မြန်မာအသင်းမှ ကေသွယ်မွန်လင်းနှင့် ထိုင်းအသင်းမှ အားကစားသမားတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းက ပထမ၊ မြန်မာအသင်းမှ ကေသွယ်မွန်လင်းက ဒုတိယရရှိခဲ့သည်။

မိတာ ၂၀၀ ကနူး အမျိုးသား နှစ်ယောက်လှော် ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင် အသင်းတို့ ယှဉ်ပြိုင်လှော်ခတ်ခဲ့ရာ မြန်မာအသင်းက မျိုးလှိုင်ဝင်းနှင့် ထွဋ်ခေါင်ဇော်တို့အတွဲက ငွေတံဆိပ်ဆုရရှိခဲ့ပြီး ကယက် Slalom အမျိုးသမီး တစ်ယောက်လှော်ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းမှ ပိုပိုအောင်က တတိယကြေးတံဆိပ်ဆုကို ရရှိခဲ့သည်။

ဂျူဒိုခို (Nage-no-Kata) နှစ်ယောက်တွဲပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ရမှတ် ၃၉၂ ဒသမ ၅ မှတ်ဖြင့် ပထမ၊ ထိုင်းအသင်းက ၃၉၀ ဒသမ ၀ မှတ်ဖြင့် ဒုတိယ၊ မြန်မာအသင်းမှ လရောင်ရှန့်နှင့် လှိုင်မင်းခန့်တို့အတွဲက ၃၇၅ ဒသမ ၀ မှတ်ဖြင့် တတိယ၊ လာအိုအသင်းက ရမှတ် ၃၆၂ ဒသမ ၅ မှတ် ဖြင့် ပူးတွဲတတိယတို့ အသီးသီးရရှိခဲ့သည်။

ထို့အတူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Nakhonpathom Sports Center Bangkok ၌ ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို နှစ်ပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Valaya Alongkorn Rajabhat University under the Royal Patronage (Bangkok)၌ ပိတန်းအမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းမှ မောင်ထွေးကိုကိုနှင့် မပန်းအိတို့အတွဲ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Thunder Dome Muang Thong Thani, Nothaburi ၌ ကျင်းပလျက်ရှိသည့် ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဆက်လက်ကျင်းပရာ အမျိုးသား Snooker 6-Red Singles ကွာတားဖိုင်နယ်ရှစ်ဦးအဆင့်ပြိုင်ပွဲတွင် မြန်မာအသင်းမှ နေမင်းထွန်းက လာအို အသင်းမှ အားကစားသမားကို ငါးပွဲနှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Gymnasium 4, Thammasat University Rangsit Campus, Pathum Thani ၌ ကျင်းပလျက်ရှိသည့် ကြက်တောင်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတွင် မြန်မာအသင်းမှ ဟိန်းထွဋ်နှင့် သက်ထားသူဇာတို့အတွဲက လာအိုအသင်းမှ အားကစားသမားအတွဲကို ရလဒ် ၂ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့် ရရှိခဲ့သည်။

ညနေပိုင်းတွင် ဘောလုံးအမျိုးသမီးပြိုင်ပွဲ အုပ်စု(ခ)၏ တတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြိုင်ပွဲပြီးဆုံးချိန်တွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဒီဇင်ဘာ ၁၁ ရက် ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် တိုက်ကွမ်ဒို အမျိုးသမီး - ၆၇ ကီလိုတန်းအတိုက် ပြိုင်ပွဲတွင် ပြိုင်ပွဲတွင် မြန်မာအသင်းမှ ကေသွယ်မွန်လင်းက ဒုတိယငွေတံဆိပ်ဆုကို လည်းကောင်း၊ မိတာ ၂၀၀ ကနူး အမျိုးသားနှစ်ယောက်လှော်ပြိုင်ပွဲတွင် မြန်မာအသင်းမှ မျိုးလှိုင်ဝင်းနှင့် ထွဋ်ခေါင်ဇော်တို့အတွဲက ဒုတိယငွေတံဆိပ်ဆုကို လည်းကောင်း၊ ကယက် Slalom အမျိုးသမီး တစ်ယောက်လှော် ပြိုင်ပွဲတွင် မြန်မာအသင်းမှ ပိုပိုအောင်က တတိယကြေးတံဆိပ်ဆုကို လည်းကောင်း၊ ဂျူဒိုခို (Nage-no-Kata) နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းမှ လရောင်ရှန့်နှင့် လှိုင်မင်းခန့်တို့အတွဲက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း ထပ်မံဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲများသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လှုပ်ရှားရေးရာဝန်ကြီး ဦးဌေးအောင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ စစ်သံမှူးကြီး ဗိုလ်မှူးချုပ်ဝင်းသူလင်း၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ မြန်မာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ဒီဇင်ဘာလ ၁၁ ရက် ပြိုင်ပွဲများ အပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်သုံးခု၊ စုစုပေါင်း ဆုတံဆိပ် ၁၁ ခုဖြင့် နိုင်ငံအလိုက် အဆင့် ၇ တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ကယက် Slalom အမျိုးသမီးတစ်ယောက်လှော်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် မြန်မာအသင်းမှ ပိုပိုအောင်အား ဆုချီးမြှင့်စဉ်။

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

၁၁-၁၂-၂၀၂၅

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	ထိုင်း	၄၁	၂၄	၁၄	၇၉
၂	ဗီယက်နမ်	၁၄	၈	၂၇	၄၉
၃	အင်ဒိုနီးရှား	၁၃	၂၀	၁၃	၄၆
၄	စင်ကာပူ	၉	၁၀	၁၃	၃၂
၅	ဖိလစ်ပိုင်	၅	၇	၂၁	၃၃
၆	မလေးရှား	၃	၁၂	၂၁	၃၆
၇	မြန်မာ	၂	၆	၃	၁၁
၈	လာအို	၁	၁	၉	၁၁
၉	ဘရူနိုင်း	၀	၁	၁	၂
၁၀	တီမော	၀	၀	၂	၂

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မင်းဘူးခရိုင်ရှိ ဌာနဆိုင်ရာများ၊ ဒေသခံများနှင့် တွေ့ဆုံ၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်ပေးနေမှု ရှင်းလင်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ခရိုင်အားကစားကွင်းသို့ရောက်ရှိရာ ခရိုင်အဆင့်မိရန် မြွေတင်ဆောင်ရွက်မည့် မိတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယနေ့ နံနက်ပိုင်းတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေကို ဒေသခံများအား တွေ့ဆုံ၍ ရှင်းလင်းပြောကြားသည့် အခမ်းအနားကို မင်းဘူးမြို့ ဦးသြဘာသမြို့တော်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်တောသစ်ပင်များသည် ကမ္ဘာကြီး ပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၊ ပင်လယ်ရေမျက်နှာပြင်

မြင့်တက်မှုများကို လျော့ချကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေးတို့ကို ပံ့ပိုးပေးလျက်ရှိသည့်အတွက် သဘာဝဂေဟစနစ်အားလုံး၏ ဗဟိုချက်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဆောင်ပုဒ်(၃)ခုထဲတွင် **“နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** အချက်ပါဝင်ပါကြောင်း၊ သစ်တော သစ်ပင်ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

မင်းဘူးခရိုင်၏ သစ်တောဖုံးလွှမ်းမှုမှာ ၂၀၂၀ ပြည့်နှစ်တွင် ၁၄ ဒသမ ၄၂ ရာခိုင်နှုန်း ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၁၅ ဒသမ ၆၁ ရာခိုင်နှုန်းအထိ တိုးတက်လာပါကြောင်း၊ မင်းဘူးမြို့သည် ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာတစ်ဝှမ်း အပူချိန်အမြင့်မားဆုံး ၁၅ မြို့စာရင်းတွင် ပါဝင်ခဲ့သည့်အပြင် နှစ်စဉ် ပျမ်းမျှမိုးရေချိန်မှာ လက်မ ၄၀ အောက်သာရှိပါကြောင်း၊ မင်းဘူးမြို့ အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် သစ်ပင်စိုက်ပွဲများဆောင်ရွက်ခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းနှင့် တစ်ရွာ နှစ်ကေဘက်စုံသုံးစိုက်ခင်း တည်ထောင်ခြင်းတို့ကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ နိုင်ငံတစ်ဝန်းတွင် သစ်ပင်ပေါင်း ၁၂၁ ဒသမ ၈၇ သန်း စိုက်ပျိုးပေးခဲ့ရာ မင်းဘူးခရိုင်တွင် ၂ ဒသမ ၇၅ သန်းကျော် စိုက်ပျိုးပေးခဲ့ပါကြောင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို ၅ နှစ် စီမံချက်ရေးဆွဲ၍ အပင်ပေါင်း ၁၂ ဒသမ ၅ သန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ရာ ၂၀၂၆ ခုနှစ် မိုးရာသီတွင် မင်းဘူးခရိုင်အနေဖြင့် အပင်ပေါင်း နှစ်သိန်းကျော် စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီး၏ အဓိကစီးပွားရေးကဏ္ဍသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍဖြစ်ပြီး လယ်ယာလုပ်ကိုင်ဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများသည် မကွေးတိုင်းဒေသကြီး တစ်ခုလုံး လူဦးရေ၏ ၈၀ ရာခိုင်နှုန်း ရှိပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းဒေသကြီး၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ မင်းဘူးခရိုင်၏ ဆည်ရေသောက်ဇရိယာမှာ တိုင်းဒေသကြီး တစ်ခုလုံး၏ ၅၀ ရာခိုင်နှုန်းရှိပါကြောင်း၊ မင်းဘူးခရိုင်သည် မကွေးတိုင်းဒေသကြီး၏ အိုအေစစ်ဖြစ်ပါကြောင်း၊ စပါးစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာ တိုးတက်လာပါကြောင်း၊ ထို့အတူ မွေးမြူရေးကဏ္ဍကိုလည်း တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ လယ်ယာ ကဏ္ဍတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် MSME လုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

၄။ မြန်မာနိုင်ငံအနေဖြင့် FATF မှထုတ်ပြန်ထားသည့် Methodology ပါ စံနှုန်းသတ်မှတ်ချက်များအား လိုက်နာ၍ AML/ CFT/ CPF ဆိုင်ရာလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်လိုက်နာဆောင်ရွက်လျက်ရှိသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိသည့်အစီအမံ (Action Plan) များအား ကိုဗစ်၁၉ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် အခြားဆက်စပ်အခြေအနေများကြောင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် အလေးထားစိစစ်မှုများ ပြုလုပ်ရန်နှင့် တိုးမြှင့်အရေးယူဆောင်ရွက်မှုမပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့်နိုင်ငံနှင့် ဒေသများ(enhanced due diligence (EDD) – and not countermeasures) စာရင်းသို့ ပြောင်းလဲထည့်သွင်းခြင်းခံခဲ့ရပါသည်။ မြန်မာနိုင်ငံသည် မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့ကဲ့သို့ Countermeasure (Black List) စာရင်းတွင် ပါဝင်ခြင်းမဟုတ်ဘဲ EDD ကို ပိုမိုဆောင်ရွက်ရန်သာ စာရင်းတွင် ထည့်သွင်းခံခဲ့ရပါသည်။

၅။ ထို့နောက် မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်ကျန်ရှိသည့်အစီအမံ(Action Plan) များအား သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် အာရှပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group – APJG) သို့ (၄)လတစ်ကြိမ် တိုးတက်မှုအစီရင်ခံစာများ ရေးသားပေးပို့တင်ပြခြင်း၊ မျက်နှာချင်းဆိုင်အစည်းအဝေးများသို့ တက်ရောက်ရှင်းလင်းဆွေးနွေးခြင်းနှင့် FATF မျက်နှာစုံညီအစည်းအဝေးများ တက်ရောက်ခြင်းတို့အား စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါသည်။

၆။ ယင်းကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် FATF ၏ အကြံပြုချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (ML/TF Risk) များကိုနားလည်ပြီး ဖော်ထုတ်နိုင်ခဲ့ခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်ခြင်း၊ ယုံမှုတ်အပ်နှံမှုဥပဒေအားပြင်ဆင်ခြင်း၊ သက်သေခံပစ္စည်းများစီမံရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေအား အသစ်ပြင်ဆင်ပြဋ္ဌာန်းခြင်းတို့အပါအဝင် သိသာထင်ရှားသောတိုးတက်မှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် FATF မှအသိအမှတ်ပြု၍ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် ပြင်ဆင်နိုင်ငံ၊ ပါရီမြို့၌ ကျင်းပခဲ့သည့် FATF မျက်နှာစုံညီအစည်းအဝေးအပြီး ထုတ်ပြန်ချက် (Statement) တွင် မြန်မာနိုင်ငံသည် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုချက် ယခင် (၈) ချက်ရှိရာမှ (၄) ချက်သာ ကျန်ရှိခဲ့ပြီး အလေးထားစိစစ်မှုများတိုးမြှင့်ဆောင်ရွက်ရန် (Enhanced Due Diligence)စာရင်းတွင်သာ ဆက်လက်ထားရှိခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသည့် အချက် (၄)ချက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက Timeline များ ချမှတ်ပြီး အထူးအလေးထားဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်း၍ အားသွန်စွမ်းခွန်စိုက် ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါသည်။

၇။ Basel Institute on Governance က ထုတ်ပြန်သည့် Basel AMLIndex 2025 အရ နိုင်ငံနှင့် ဒေသပေါင်း ၁၇၇ နိုင်ငံအနက် လာအိုအား အမှတ်စဉ် ၇ တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအား အမှတ်စဉ် ၁၉ တွင်လည်းကောင်း၊ နီပေါနိုင်ငံအား အမှတ်စဉ် ၄၉ တွင်လည်းကောင်း ဖော်ပြထား သော်လည်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် အီရန်နိုင်ငံတို့ ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းအပြင် FATF ကဲ့သို့မိုင်မာသည့် နိုင်ငံတကာ လိုက်နာဆောင်ရွက်ရန်လိုအပ်သော စံနှုန်းသတ်မှတ်ချက်များနှင့် Methodology များချမှတ်ပြီး အကဲဖြတ်ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

၈။ သို့ပါ၍ Basel Institute on Governance က Basel AML Index 2025 ထုတ်ပြန်ချက်သည် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့် ဒေသများအားလုံးပေါ် လွှမ်းခြုံခြင်းမရှိသည့်အပြင် နိုင်ငံနှင့် ဒေသများအားလုံး ပါဝင်ခြင်း မရှိသည်ကိုလည်း တွေ့ရှိရကြောင်းနှင့် FATF, APG တို့ကဲ့သို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးကို ရှေ့တန်းမှ စံနှုန်းချမှတ်လေ့လာသုံးသပ်နေသည့် အဖွဲ့အစည်းများ၏ အကဲဖြတ်ချက်များကို အခြေမခံဘဲ နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေသို့နိုင်ငံတွင် ယခုကဲ့သို့ထုတ်ပြန်ခြင်းသည် မြန်မာနိုင်ငံ၏ တိုးတက်ဆောင်ရွက်မှုများကို မျက်ကွယ်ပြု၍ FATF နှင့် မြန်မာနိုင်ငံအကြား အနီးကပ်ပူးပေါင်းဆောင်ရွက်နေမှုများကို သေချာစွာသုံးသပ်ခြင်းမရှိဘဲ ထိခိုက်အောင်ရေးသားထုတ်ပြန်နေမှုကို ကန့်ကွက်ပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်အပ်ပါသည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့

၁၁-၁၂-၂၀၂၅

လှည်းကူးမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

လှည်းကူး ဒီဇင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းသို့ ယာယီနေရပ်စွန့်ခွာ ရောက်ရှိလာသူပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်က လှည်းကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်က ယာယီနေရပ်စွန့်ခွာပြည်သူများအား ငွေကျပ် ၂၀၀၀၀ စီ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာလာသူ ပြည်သူ ၃၅၈၅ ဦးအား တစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် သုံးလအတွက် ငွေကျပ် ၆၀၀၀၀ အား ပြည်သူများ လက်ဝယ် အရောက် ပေးအပ်ခဲ့သည်။

လှည်းကူး

(ပြန်/ဆက်)

ကြိုးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

ပြည်နှင်ဒဏ်ပေးခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် အမေရိကန်က ဂျက်လေယာဉ်များ ဝယ်ယူမည်

ဝါရှင်တန် ဒီဇင်ဘာ ၁၁

တရားမဝင်ရွှေ့ပြောင်းနေထိုင်မှုများကို နှိမ်နင်းရန်အတွက် ဂျက်လေယာဉ်များဝယ်ယူရန် အမေရိကန်အစိုးရ စီစဉ်ထားသည်ဟု ဒီဇင်ဘာ ၁၀ ရက်တွင် အမေရိကန်ပြည်တွင်းရေးဆိုင်ရာ လုံခြုံရေးဌာနက ကြေညာခဲ့သည်။

တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုများကို နှိမ်နင်းရန်မှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ဦးစားပေးမူဝါဒလည်းဖြစ်သည်။ ပြည်နှင်ဒဏ်ပေးခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ဘိုးအင်းကုမ္ပဏီမှ လေယာဉ်ခြောက်စင်းကို ဝယ်ယူရန် ဒေါ်လာ သန်း ၁၄၀ နီးပါး တန်ဖိုးရှိသည့် စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်ဟု ဝါရှင်တန်ပို့စ်သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များသည် ပြည်နှင်ဒဏ်ပေးရေးလုပ်ငန်းများအတွက် ပျံသန်းမှုများလုပ်ဆောင်ရန် စင်းလုံးငှားလေယာဉ်များကို ကာလရှည်ကြာ အားထားခဲ့ရကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို အစုလိုက်ပို့ဆောင်ခြင်းများပြုလုပ်ရန် ကိုယ်ပိုင်လေယာဉ်များ ဝယ်ယူခြင်းသည် စရိတ်သက်သာပြီး ဆန်းသစ်တီထွင်မှုဖြစ်မည်ဟု အဆိုပါဌာနမှ၊ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

ထရမ့်၏ လူဝင်မှုကြီးကြပ်ရေး မူဝါဒသည် မကြာခဏဆိုသလို အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့သည်။ ဇီဩလအတွင်းကလည်း အယ်လ်ဆာဗေဒိုနိုင်ငံသို့ မှားယွင်းစွာ ပြည်နှင်ဒဏ်ပေးခံရသည့် အမျိုးသား တစ်ဦးအား အမေရိကန်သို့ပြန်လည်ပို့ဆောင်ရန် နိုင်ငံတော်တရားရုံးချုပ်က အုပ်ချုပ်ရေးအဖွဲ့ကို အမိန့်ပေးခဲ့သည်။ **အင်နန်အိတ်ချ်ကေ**

ငလျင်လှုပ်ခတ်ရာဒေသများတွင် မိုးရွာသွန်းပြီး နှင်းများကျဆင်းလျက်ရှိသောကြောင့် ဒေသခံပြည်သူများကို သတိဖြင့်နေထိုင်ရန် ဂျပန်အာဏာပိုင်များ တိုက်တွန်း

တိုကျို ဒီဇင်ဘာ ၁၁

ဒီဇင်ဘာ ၈ ရက်က အဆိုမိုရိခရိုင်၏ အရှေ့ဘက်ကမ်းလွန်တွင် လှုပ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နေရာများတွင် မိုးများရွာသွန်းလျက်ရှိပြီး နှင်းများကျနေသည်ဟု ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။

လေဖိအား လမ်းကြောင်းနှင့် လေဖိအားနည်း ရပ်ဝန်းများကြောင့် မဂ္ဂနီကျူ ၇ ဒသမ ၅ ရှိအဆင့်ရှိ ငလျင်လှုပ်ခဲ့သည့် အဆိုမိုရိခရိုင်နှင့် ဟော့ကိုင်ဒိုးတောင်ပိုင်းဒေသများအပါအဝင် နေရာများတွင် မိုးရွာသွန်းပြီး နှင်းများကျဆင်းလျက်ရှိသည်ဟု မိုးလေဝသ အာဏာပိုင်များက ပြောသည်။

ငလျင်ကြောင့် တချို့နေရာများတွင် မြေသားပျော့ပြီး ကျွံဝင်နိုင်ခြေရှိသည့်အတွက် သတိထားနေထိုင်ရန် အကြံပြုချက်ထုတ်ပြန်ထားသည်။

ဒီဇင်ဘာ ၁၁ ရက် ညပိုင်းနှင့် ၁၂ ရက်တို့တွင် တချို့နေရာများ၌ ဆောင်းရာသီ လေဖိအားပုံစံတစ်ခုကြောင့် နှင်းများထူထပ်စွာ ကျဆင်းနိုင်သည်ဟု မိုးလေဝသ အရာရှိများက ခန့်မှန်းထားသည်။

နှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများကို သတိဖြင့်နေထိုင်ရန် တိုက်တွန်းထားသည်။ ထို့ပြင် အိမ်ခေါင်မိုးများပေါ်သို့ နှင်းများထူထပ်စွာကျဆင်းလာနိုင်ပြီး နှင်းပြိုမှု၊ မိုးကြိုးပစ်မှု၊ လေပြင်းနှင့် လေဆင်နာမောင်း တိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု အာဏာပိုင်များက သတိပေးထားသည်။

လျှပ်စစ် ဓာတ်အားလိုင်းများ ပေါ်သို့လည်း နှင်းများထူထပ်စွာ ကျဆင်းနိုင်မှုကြောင့် မီးပျက်မှုများလည်း ဖြစ်ပွားနိုင်သည်ဟု ၎င်းတို့က ပြောသည်။

အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် မိုးလေဝသအေဂျင်စီက ဟော့ကိုင်ဒိုးနှင့် ဆန်ရီကုကမ်းလွန် ဂနာဂါဆက်တွဲငလျင်ဆိုင်ရာ အကြံပေးချက်ကိုလည်း ထုတ်ပြန်ထားသည်။

ဂျပန်မြေလွှာကြောနှင့် ဟော့ကိုင်ဒိုး ကမ်းလွန်တွင်ရှိသည့် ချိုရိုမာမြေလွှာကြောတစ်လျှောက် အားပြင်းသည့်တုန်ခါမှုများ ဖြစ်နိုင်ခြေ မြင့်မားနေသည်ဟုလည်း အဆိုပါအေဂျင်စီက အကြံပြုပြောကြားထားသည်။ ယင်းအကြံပေးချက်သည် ဟော့ကိုင်ဒိုး၊ အဆိုမိုရိ၊ အိုတဲ၊ မီယာဂီ၊ ဖုကူရိမာ၊ အီဘရာကီနှင့် ချီဘာခရိုင်များရှိ မြို့ရွာအုပ်ချုပ်ရေးဒေသ ၁၈၂ ခုအထိ အကျုံးဝင်သည်။

အဆိုပါ အကြံပေးချက်က ငလျင်ဒေသချာပေါက် လှုပ်မည်ဟု ဆိုလိုသည်မဟုတ်သလို ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ အရေးပေါ် ပြောင်းရွှေ့မှုများ ပြုလုပ်ရမည်ဟုလည်း မဆိုလိုကြောင်း၊ သို့သော်လည်း အကယ်၍ လိုအပ်လာပါက အလျင်အမြန် တိမ်းရှောင်နိုင်ရန် အရေးပေါ် အိတ်များ အသင့်ပြင်ထားကြရန် ဒေသခံပြည်သူများကို တိုက်တွန်းခြင်းသာဖြစ်သည်ဟု အာဏာပိုင်များက ပြောသည်။

အင်နန်အိတ်ချ်ကေ

မော်ရိုကို၌ အဆောက်အအုံပြိုကျမှု သေဆုံးသူ ၂၂ ဦးအထိရှိ

ရာဘတ် ဒီဇင်ဘာ ၁၁

မော်ရိုကိုနိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သည့် ဖက်ဇ်မြို့၌ လူနေအဆောက်အအုံနှစ်လုံးပြိုမှုကြောင့် ယခင်က သေဆုံးသူ ၁၉ ဦးရှိရာမှ ယခုအခါ သေဆုံးသူ ၂၂ ဦးအထိရှိလာပြီဟု အစိုးရရှေ့နေက ဒီဇင်ဘာ ၁၀ ရက်တွင် ပြောသည်။

အယ်မက်စတာဘယ် ရပ်ကွက်တွင် ဒီဇင်ဘာ ၉ ရက် နေ့ဝင်ပိုင်းက လူမနေသည့် အဆောက်အအုံတစ်လုံးနှင့်ကပ်လျက် လေးထပ်အဆောက်အအုံ ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အစိုးရရှေ့နေက ပြောသည်။ သေဆုံးသူများထဲတွင် ကလေးများနှင့် အမျိုးသမီးများ ပါဝင်သည်။ ဒဏ်ရာရရှိသူ ၁၆ ဦး၏အခြေအနေမှာလည်း ဆိုးရွားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည့် အတွက် သေဆုံးသူဦးရေဆက်လက်တိုးလာဖွယ်ရှိသည်ဟု အာဏာပိုင်များက ပြောသည်။ အဆောက်အအုံပြိုကျရခြင်း အကြောင်းရင်းကို ဆုံးဖြတ်ရန် အစိုးရရှေ့နေဏ်ကြီးကြပ်မှုအောက်တွင် စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားမည်ဟု သိရသည်။

ကနဦးတွေ့ရှိမှုများအရ အဆိုပါအဆောက်အအုံနှစ်လုံးစလုံးမှာ ၂၀၀၆ခုနှစ်ကတည်း ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်ကြောင့် မော်ရိုကိုရှိ အဆောက်အအုံများ၏ လုံခြုံစိတ်ချရမှုကို စိုးရိမ်မှုများဖြစ်ပေါ်စေသည်။ ဇန်နဝါရီလအတွင်းက အိမ်ရာဝန်ကြီး အခစ်ဘန် အီဘရာဟင်က နိုင်ငံတစ်ဝန်း အဆောက်အအုံပေါင်း ၃၈၈၀၀ မှာ ပြိုကျမည့် အန္တရာယ်ရှိသည်ဟု ပြောကြားခဲ့သည်။ **ဆင်ဟွာ**

အာဖဂန်နစ္စတန်၌ ဒုက္ခသည်များနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုအတွက် ကူညီထောက်ပံ့ရန် သဘောတူလက်မှတ်ရေးထိုး

ကဘူးလ် ဒီဇင်ဘာ ၁၁

အာဖဂန်နစ္စတန်ရှိ ဒုက္ခသည်များ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဒုက္ခသည်များနှင့် ပြည်တွင်းရှိ နေရပ်စွန့်ခွာပြည်သူများကို ကူညီရန် နော်ဝေးနိုင်ငံအပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့အစည်းနှင့် နှားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးခဲ့သည်ဟု ဒီဇင်ဘာ ၁၀ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါသဘောတူညီမှုအောက်တွင် ဖာယက်ပြည်နယ်ရှိ လူပေါင်း ၂၂၃ ဦးကိုကူညီရန် အမေရိကန်ဒေါ်လာ ၃၁၀၀၀၀ ကျော် ခွဲဝေပေးသွားမည်ဖြစ်သည်ဟု ဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ ကျန်းမာရေးဝန်ဆောင်မှုနှင့် အခြားလိုအပ်သော လူမှုထောက်ပံ့ရေးများအတွက် အဓိကကူညီပေးသွားမည်ဟု ဆိုသည်။

အာဖဂန်နစ္စတန် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့သည် ဒေါ်လာ ၄၆၂၀၀၀ တန်ဖိုးရှိ သဘောတူစာချုပ်ကို ပြည်တွင်းအကူအညီပေးရေးအေဂျင်စီနှင့် ဒီဇင်ဘာ ၁၀ ရက်က သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

အရှေ့ပိုင်းပက်တီကာပြည်နယ်ရှိ နေထိုင်သူများအတွက် သဘာဝဘေးစီမံခန့်ခွဲမှု အသိပညာပေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်သွားရန် ရည်ရွယ်ထားကြောင်း အထက်ပါကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ**

အီဂျစ်လခြမ်းနီအသင်း ဂါဇာဒေသသို့ ဆောင်းရာသီကူညီထောက်ပံ့ရေးပစ္စည်းများ ပေးပို့

ကိုင်ရို ဒီဇင်ဘာ ၁၁

အီဂျစ်လခြမ်းနီအသင်းက ဒီဇင်ဘာ ၁၁ ရက်တွင် စောင် ၁၄၃၀၀၊ ဆောင်းရာသီ အဝတ်အထည် ၂၁၄၀၀၊ ရွှက်ဖျင်တဲအလုံး ၁၅၈၀၀ အပါအဝင် ဆောင်းရာသီကူညီထောက်ပံ့ရေးပစ္စည်းများကို ရေဘေးဒဏ်ခံ ဂါဇာကမ်းမြောင်းဒေသသို့ ပေးပို့ခဲ့သည်ဟု အသင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဆောင်းရာသီအကူအညီသည် စားရေရိက္ခာတန် ၅၅၀၀၊ ဆေးဝါးနှင့် အကူအညီပစ္စည်း တန် ၃၆၀၀၊ ရေနံထွက်ပစ္စည်း တန်ချိန် ၇၀၀ ကျော် စသည့် အရေးပေါ်ပစ္စည်း တန်ချိန်ပေါင်း ၉၈၀၀ ခန့် တင်ဆောင်ထားသော ကြီးမားသည့် လူသားချင်းစာနာထောက်ထားမှု အကူအညီ ပေးရေးယာဉ်တန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

အီဂျစ်လခြမ်းနီအသင်းက ဂါဇာကမ်းမြောင်းဒေသကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အစီအစဉ်စတင်ခဲ့သည့် ဇူလိုင်လနှောင်းပိုင်းအချိန်မှစကာ ယခုယာဉ်တန်းသည် အီဂျစ်မှ ဂါဇာသို့စေလွှတ်ခဲ့သည့် ၉၂ ကြိမ်မြောက် အကူအညီပေးရေးယာဉ်တန်းဖြစ်သည်။

ဂါဇာစစ်ပွဲစတင်ခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာမှစကာ ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်း တန်ချိန် သန်းထက်ဝက်ကျော် ပေးပို့ပြီးဖြစ်သည်ဟု အီဂျစ်လခြမ်းနီအသင်းက ပြောသည်။

မကြာသေးမီက မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဂါဇာကမ်းမြောင်းဒေသရှိ ယာယီရွှာဖွင့်တဲ အိမ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ပြီး ဒေသခံများ ဘေးဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။ **ဆင်ဟွာ**

စာဆိုပိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့် သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောကဓါတ်ကို ညွှန်းဆိုနိုင်မည့် စာဆိုပိမာန်တစ်ခု အောင်မြင်စွာပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုပိမာန် သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင် ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမ လက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့်ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှားပေါင်း အမွေအနှစ်ပစ္စည်းတို့ကို လှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ဘည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) စာကြည့်တိုက်မှူး
စာပေမိမာန်ပြည်သူ့စာကြည့်တိုက် (ရန်ကုန်)
အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁၈-၃၈၁၄၇

(ခ) စာကြည့်တိုက်မှူး
စာပေမိမာန်ပြည်သူ့စာကြည့်တိုက် (မန္တလေး)
အမှတ် (၁၅၉)၊ ၈၆ လမ်း၊ ၂၁ x ၂၂ လမ်းကြား၊ ပုလဲငွေရောင်
ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) စာတည်း
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ် (၇)၊ နေပြည်တော်၊ ဖုန်း ၀၆-၅၁၉၄၀၇၁

သတင်းစဉ်

ကျောက်ဆည်မြို့၌ သဘာဝဘေးကြိုတင်သတိပေးစနစ်နှင့် သဘာဝဘေးဆိုင်ရာ သင်တန်းဖွင့်လှစ်

ကျောက်ဆည် ဒီဇင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက သဘာဝဘေးကြိုတင်သတိပေးစနစ်နှင့် သဘာဝဘေးဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဖွင့်လှစ်ခဲ့သည်။

ဦးစွာ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးစနစ်၊ သဘာဝဘေးအန္တရာယ်များအပါ စီမံခန့်ခွဲခြင်း၊ အရေးပေါ်ကယ်ဆယ်ရာဖွေခြင်း၊ ကျောက်ဆည်မြို့၏ ရာသီဥတုများ၊ ရာသီဥတုနှင့် ကျန်းမာရေး၊ ဇော်ဂျီမြစ်ရေသောက်စနစ်နှင့် ဇော်ဂျီမြစ်ရေဘေး ကာကွယ်ရေး ကြိုတင်သတိပေးစနစ်၊ ငလျင်ဘေးအန္တရာယ် သိမှတ်ဖွယ်ရာအကြောင်းများကို ရှင်းလင်းပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ ၂၂

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၁

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "KaungMyat" Facebook အကောင့်၊ "EiEiKhaing" Facebook အကောင့်နှင့် "မြင့်မြတ်" Facebook အကောင့်များ၏ ပိုင်ရှင်ဖြစ်သူ ဝဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ မြင့်မြတ်ကို (ခ) မြင့်မြတ်အား ည ၈ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ အလုံး ၂၀ ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှာဖွေလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၅ လုံး နှင့် တစ်ထပ်ဂိုဒေါင် အဆောက်အအုံများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ် လူနေအဆောက်အအုံ။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၅ လုံး နှင့် တစ်ထပ်ဂိုဒေါင် အဆောက်အအုံများအပါအဝင် အဖွဲ့စုံလုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ အလုံး ၂၀ ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၃၈၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း သိရှိရသည်။

ထိုပြင် မြဝတီမြို့ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများကို လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ - ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား ၇၁ ဦး၊ အိန္ဒိယိုပီးယားနိုင်ငံသား ၄၂ ဦး၊ အီဂျစ်နိုင်ငံသား တစ်ဦးနှင့် ရုဝမဲ့ဒါနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၁၅ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်း ပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင် ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသ တစ်ပိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်း လိမ်လည်လောင်းကစားမှု များ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ အစည်းများနှင့် ဒေသတွင်းတာဝန် ရှိသူများအပါအဝင် အဖွဲ့စုံပါဝင် သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်း ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၄၈ လုံး ထပ်မံ စစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက် အအုံများအနက်မှ မြဝတီမြို့ အမှတ်(၃) ရပ်ကွက် ရွှေတောင်(၂) လမ်းရှိ အဆောက်အအုံတစ်လုံး အတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ပြုလုပ်ရာတွင် အသုံးပြုသည့် လောင်းကစား ခုံလေးလုံးနှင့်အတူ တရားမဝင် အီသီယိုပီးယားနိုင်ငံသား အမျိုး သားလေးဦးတို့အား ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ၚင်းအပြင် မြဝတီမြို့နယ် အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်း လိမ်လည်လောင်းကစားမှု ကျူး လွန်ရာတွင် အသုံးပြုသည့် ပစ္စည်း များအား ထပ်မံ၍ အသုံးပြုနိုင် ခြင်းမရှိစေရန်အတွက် ယနေ့တွင် လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစား မှုကျူးလွန်မှုများကို အမျိုးသား ရေးတာဝန်စိစစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေ မပြုနိုင်ရေး ပြည်တွင်းအင်အားစု များအပြင် အိမ်နီးချင်းနိုင်ငံအစိုး ရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း စားသုံးမှုဖူလုံရေးအတွက် အားထားရမည့် ရွှေတင့်တူး စိုက်ပျိုးမွေးမြူရေးဇုန်

"နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဟူသော ဆောင်ပုဒ်သည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် ၄ ရပ်တွင် တစ်ချက် အပါအဝင်ဖြစ်ပါသည်။

မောင်ဂျွန်လိုင်

သို့ဖြစ်ရာ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် တည်မီနေပြီး စိုက်/မွေး အခြေခံစက်မှု ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်ထုတ်လုပ်နိုင်မှုအပေါ်တွင် မူတည်လျက်ရှိပါသည်။

စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် ဩဂုတ်လက မကွေးတိုင်းဒေသကြီးသို့ ရောက်ရှိခဲ့သည့် ခရီးစဉ်အတွင်း မကွေးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြချက်များအပေါ် မကွေးတိုင်းဒေသကြီး၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်မှု အခြေအနေကို လမ်းညွှန်မှာကြားခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲက မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှုအနေဖြင့် လက်ရှိစပါးအထွက်နှုန်းများအရ ဆန်ဖူလုံမှုများ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရပြီး ဆက်လက်၍ တိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ အလားတူ ဒေသအတွင်း စားရေးကို အထောက်အကူဖြစ်စေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွားများကိုလည်း မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံတော်မှ သတ်မှတ်ထားသည့် တစ်ကေပန်းတိုင်းရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေးများ လုံလောက်စွာရရှိစေရေး ဧရာဝတီမြစ်အတွင်းမှ ရေများကို နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးချဆောင်ရွက်သွားရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

"ရွှေတင့်တူး စိုက်ပျိုးမွေးမြူရေးဇုန်"ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီ

ယနေ့အချိန်မှာတော့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအားများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသတွင်း ဝမ်းစာဖူလုံမှုရှိစေရန်အတွက် အလားအလာကောင်းဖြစ်သည့် **"ရွှေတင့်တူး စိုက်ပျိုးမွေးမြူရေးဇုန်"**ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။

ရွှေတင့်တူး စိုက်ပျိုးမွေးမြူရေးဇုန်သည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ရှားပင်လှကျေးရွာအုပ်စု ကွင်းအမှတ်/ အမည် ၁၆၇၈/၂၆၂၅ တည်ရှိပါသည်။ စိုက်ပျိုးရေးဇုန်အဖြစ် ဆောင်ရွက်ရန် လျာထားသည့် မြေနေရာမှာ ရှားပင်လှကျေးရွာအုပ်စုအတွင်း ၁၀ နှစ်ကျော်ကြာ သီးနှံစိုက်ပျိုးခြင်း မပြုဘဲ မြေလွတ်မြေရိုင်းပုံစံ ဖြစ်နေခြင်းဖြစ်ပါသည်။ ယင်းကို အကျိုးရှိသော မြေနေရာများအဖြစ် အသုံးချနိုင်ရန် အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရပါသည်။

ရွှေတင့်တူး စိုက်ပျိုးရေးဇုန်အတွက် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်စဉ်ကတည်းက ရေရှည်အတွက်ရည်မှန်းပြီး တစ်ဆင့်ချင်း ဆောင်ရွက်ခဲ့ပါသည်။ စနစ်ကျလယ်ယာမြေမဖော်ထုတ်မီ ကန္တာရပင်များကို ရှင်းလင်းခြင်းနှင့် မိုးတွင်းကာလတွင် ဓဝါးချောင်း၊ တာကျိုးချောင်းတို့မှ ချောင်းရေနှင့်အတူ သဲများ ပါလာခြင်းကို ကာကွယ်နိုင်ရန် တာပေါင်ဆင့်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။ ဒုံပေါက်သည့် မြေအမျိုးအစားဖြစ်သည့်အတွက် မြေလွှာအတွင်း ခိုအောင်းနေသော ရေများကို စစ်ထုတ်နိုင်ရန် ရေနုတ်မြောင်းများကို ယင်းချောင်းအထိ တူးဖော်ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးရေးဇုန်အတွင်း စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ၁၂-၅-၂၀၂၅ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း ယခုနှစ် မိုးဦးရာသီမှာ မကွေးတိုင်းဒေသကြီးအတွင်း ဇွန်လမှစ၍ မိုးရွာသွန်းမှုများခဲ့ခြင်းကြောင့် လုပ်ငန်းများ ခေတ္တရပ်နားထားခဲ့ရကာ ၁၂-၁၁-၂၀၂၅ ရက်မှသာ ပြန်လည်စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအခါ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်း၏ ပထမအဆင့် ဧက ၁၅၀ ကို ၃၀-၁၂-၂၀၂၅ ရက်နေ့တွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး လယ်ယာမြေဧက ၈၀ ခန့်ကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီလဆန်းတွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရပါသည်။

စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းအားဖြင့် လယ်ကွက်များသည် စက်စွမ်းအားပြည့် အသုံးပြုနိုင်ရန် လုံလောက်သည့် အကျယ်အဝန်းရှိခြင်း၊ ညီညာပြန့်ပြူးခြင်း၊ ထောင့်မှန်စတုဂံပုံရှိပြီး အလျားအနံအချိုး (၃:၁)ဖြစ်ခြင်း၊ ကုန်ထုတ်လမ်း ပါရှိခြင်း၊ ရေသွင်းရေနုတ်မြောင်း ပါရှိခြင်း၊ ကန်သင်းများ ကောင်းမွန်ခြင်း စသည့်အင်္ဂါရုပ်များနှင့် ပြည့်စုံကာ ကုန်ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ခြင်း၊ သီးနှံအထွက်တိုးစေခြင်း၊ အလေအလွင့်နည်းပါးခြင်း စသည့် အချက်များကြောင့် သမားရိုးကျလယ်ယာမြေ၌ စိုက်ပျိုးသော သီးနှံများထက် အမြတ်အစွန်းပိုမို ရရှိစေမည်ဖြစ်ပါသည်။

သီးနှံစိုက်စွမ်းအား ၃၀၀ ရာခိုင်နှုန်းရရှိရေး လျာထားဆောင်ရွက်

ရွှေတင့်တူး စိုက်ပျိုးရေးဇုန်ဧရိယာ၏ မြေချဉ်ငန်ကိန်း (Soil pH)မှာ ၈.၁၃ မှ ၉.၉၀ အတွင်း ဖြစ်၍ အနည်းငယ်ငန်ပါသည်။ မြေဆီလွှာ မြေသားအနေအကြမ်း (Soil Texture)မှာ သဲသမ(Sandy Loam)၊ သမ (Loam)နှင့် သဲမြေစေးသမ(Sandy Clay Loam) အမျိုးအစားဖြစ်သည်။ မြေအမျိုးအစားအရ စပါးသီးနှံ၊ အစေ့ထုတ်ပြောင်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံများ စိုက်ပျိုးဖြစ်ထွန်းနိုင်သည်ကို တွေ့ရသည်။ ရွှေတင့်တူး စိုက်ပျိုးရေးဇုန်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မိုးစပါးအဖြစ် အောင်နိုင်တိုးစပါးမျိုး ၁၈ ဒသမ ၂၅ ဇက စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရမည်ဖြစ်ပြီး သီးထပ်စွမ်းအားတိုးတက်လာစေရေးအတွက် တစ်နှစ်လျှင် သုံးသီးရအောင် စိုက်ပျိုးကာ သီးနှံစိုက်စွမ်းအား ၃၀၀ ရာခိုင်နှုန်းရရှိရေး လျာထားဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်သည့် ဧရိယာ၏ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးသည်လည်း သီးနှံများစိုက်ပျိုးအောင်မြင်ရန် အရေးကြီးလှပါသည်။ ရွှေတင့်တူး စိုက်ပျိုးရေးဇုန်အတွင်း မြေပေါ်ရေ ဧရိယာအနေဖြင့် စိုက်ပျိုးဧရိယာနှင့် တစ်မိုင်ခန့် အကွာတွင် တစ်နှစ်ပတ်လုံး ရေအမြဲမပြတ်စီးဆင်းနေသည့် ယင်းချောင်းတည်ရှိသည်။ မြေအောက်ရေရရှိနိုင်မှုအနေဖြင့် ဘူမိမြေသဘာဝအရ စိုက်ပျိုးရေထုတ်ယူသုံးစွဲနိုင်သည့် နုန်းတင်မြေနရေအောင်းလွှာဖြစ်သဖြင့် လိုအပ်သောစိုက်ပျိုးရေကို နည်းလမ်းနှစ်မျိုးဖြင့် ရယူသုံးစွဲနိုင်သည့်အခြေအနေရှိသည်။

စာမျက်နှာ ၁၇ သို့

"မကွေးတိုင်းဒေသကြီးအတွင်း "ရွှေတင့်တူး စိုက်ပျိုးမွေးမြူရေးဇုန်" ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဒေသတွင်း ဥစ္စာကြက်နှင့် တိုင်းရင်းကြက် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကာ စားရေရိက္ခာအတွက် ဖူလုံမှုရှိလာမည့်အပြင် ပိုလျှံသည်များကိုလည်း အခြား တိုင်းဒေသကြီး/ပြည်နယ်များသို့ တင်ပို့ရောင်းချလာနိုင်သည့်အဆင့်အထိ ရောက်ရှိလာနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဇုန်တွင်လည်း အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိအောင် သီးထပ်သီးညပ် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းပြည့်မီကာ စိုက်ပျိုးရေးတောင်သူများအနေဖြင့် ဝင်ငွေတိုးတက်ရရှိပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးအမြတ်များ ရရှိစေမည်"

စာမျက်နှာ ၁၆ မှ

နည်းလမ်း နှစ်မျိုးအနက် မြေပေါ်ရေ သုံးစွဲမည့် နည်းစနစ်အနေဖြင့် စိုက်ပျိုးမည့် ဧရိယာနှင့် ရေရယူမည့် ယင်းချောင်းမှ ရေကို ဆိုလာရေတင်စနစ်ဖြင့် အမြင့်ပေ ၁၅ ပေအထိ စုပ်တင်ပြီး ယင်းချောင်းကမ်းပါးမှ ပေ ၁၅၀၀ အကွာကို ရေလှောင်ကန် တည်ဆောက်၍ သိုလှောင်ဆောင်ရွက်နိုင်သည်။ ထိုရေသိုလှောင်ကန်မှတစ်ဆင့် စိုက်ကွင်းဧရိယာ အဆုံး အမြင့်ဆုံးနေရာအထိ ရေပေးမြောင်းမကြီး ပေ ၆၃၀၀ တည်ဆောက်ကာ ရေပေးမြောင်း မကြီးမှတစ်ဆင့် အဆင့်မြင့်လယ်ယာစနစ်ဖြင့် ဖော်ထုတ်ဆောင်ရွက်ထားသော ရေသွင်းမြောင်း များကို ရေပေးပြွန်များဖြင့် ချိတ်ဆက်၍ စိုက်ပျိုးရေ ပေးဝေသွားနိုင်အောင် ဆောင်ရွက်ထားပါသည်။

နည်းလမ်း ၂ ဖြစ်သည့် မြေအောက်ရေသုံးစွဲမည့် နည်းစနစ်အနေဖြင့် စိုက်ပျိုးမြေ ဧရိယာကို လေ့လာသည့်အခါ ယင်းချောင်း၏ ဘူမိဗေဒပြောင်းလဲမှု ဖြစ်စဉ်အရ ပထမဆုံး ပို့သက်ချခဲ့သော ဧရိယာ (First Terrace)ရရှိပြီး စိုက်ပျိုးရေထုတ်ယူသုံးစွဲရန် ကောင်းမွန်သည့် နုန်းတင်မြေနု ရေအောင်လှာ အမျိုးအစားဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာ စမ်းသပ် တွေ့ရှိရသည်။ ရေအရည်အသွေးအရ pH မှာ (7.8)၊ ဆားပျော်ရည် ပါဝင်မှု (EC) တန်ဖိုးမှာ (548 µs/cm)သာ ရှိသဖြင့် ရေသွင်းစိုက်ပျိုးရေအဖြစ် သုံးစွဲရန် ကောင်းမွန်ခြင်း၊ ရေထိပ်မှာလည်း ငါးပေအတွင်း ရှိသဖြင့် ကုန်ကျစရိတ် သက်သာစွာဖြင့် ဆောင်ရွက် ရရှိနိုင်သည့်အတွက် ၁၂ ဧကလျှင် ဆိုလာ မြေအောက်ရေတွင်း တစ်တွင်းနှုန်းဖြင့် လွယ်ကူစွာ ဆောင်ရွက်ရရှိနိုင်သည့် အခြေအနေကောင်းအပေါ် တည်ရှိနေသည်ကို တွေ့ရသည်။

မြေအောက်ရေမျှခြေဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်နိုင်

လက်ရှိဆောင်ရွက်ထားရှိမှုအနေဖြင့် စိုက်ပျိုးမွေးမြူရေးဇုန် ပထမအဆင့် ဧက ၁၅၀ အတွက် ဆိုလာရေတင် တည်ဆောက်ပါက တစ်ဧက ကုန်ကျ စရိတ် ကျပ် ၇ သန်းခန့် ကုန်ကျနိုင်ပြီး မြေအောက်ရေတွင်းစနစ်ဖြင့် ဆောင်ရွက်ပါက တစ်ဧကလျှင် ကျပ် ၂ သန်း ၃၅၅ သန်း ကုန်ကျ မည်ဖြစ်ပါသည်။ ကုန်ကျစရိတ် သက်သာ၍ အချိန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် လက်ရှိတွင် ဆိုလာရေတွင်း ၁၃ တွင်း တူးဖော်ထားရှိသည်။ ဆိုလာရေတွင်းများ၏ ရေထိပ်မှာလည်း ငါးပေ အတွင်းရှိသဖြင့် မြေအောက်ရေမျှခြေ ဖြစ်စေရန် ထိန်းသိမ်းဆောင်ရွက်နိုင်သည်ကိုလည်း တွေ့ရှိရ ပါသည်။

တစ်ဖက်တွင်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေး ဇုန် ဆောင်ရွက်မည့်မြေဧရိယာသည် ဓဝါးချောင်း၊ တာကျိုးချောင်းတို့ ဖြတ်သန်းစီးဆင်းနေသည့် အပြင် ရထားလမ်းအောက်ဘက် ရေထုတ်ပြွန်များမှ စီးဆင်းလာသည့် ရေကလည်း ဇုန်များအတွင်း စီးဝင်နေခြင်းကြောင့် ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်နိုင် သည်ကို တွေ့ရသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူ ရေးဇုန် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက်

ဇုန်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် ဓဝါးချောင်း နှင့် တာကျိုးချောင်းတို့ကို ရေလမ်းကြောင်း လွှဲပြီး တာပေါင်ဖို့ခြင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ထားပါသည်။ ဇုန် အတွင်း ရေမဝင်ရောက်စေရန်အတွက် ချောင်းတူး ခြင်းနှင့် ပေါင်ဆင့်ခြင်းကိုလည်း ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

ရွှေတင့်တူး စိုက်ပျိုးရေးဇုန်အတွင်း ယခုလို စနစ်ကျလယ်ဖော်ထုတ်ခြင်းကြောင့် ရေသွင်း၊ ရေထုတ်လိုသလို ဆောင်ရွက်နိုင်ခြင်း၊ စိုက်ပျိုး ရေသုံးစွဲမှု လျော့ချနိုင်ခြင်း၊ စက်ကိရိယာ စက်စွမ်း အားပြည့် အသုံးပြုနိုင်ခြင်း၊ စိုက်ပျိုးရေကို လိုအပ် သလို ရယူသုံးစွဲနိုင်ခြင်းတို့ကြောင့် သီးနှံအထွက် တိုးရေးဆောင်ရွက်နိုင်ခြင်း၊ ကုန်ထုတ်လမ်းပါရှိခြင်း ကြောင့် ရိတ်သိမ်းပြီး သီးနှံများ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင် သိုလှောင်နိုင်၍ ပျက်စီးလေ့လွင့်မှု နည်းပါးစေပြီး အရည်အသွေးကောင်း သီးနှံများ ရရှိနိုင်ခြင်း၊ သီးထပ်၊ သီးညှပ်စိုက်ပျိုးပြီး သီးနှံစိုက် စွမ်းအား မြင့်မားစွာရရှိနိုင်ခြင်း စသည့်အကျိုး ကျေးဇူးများရရှိလာမည် ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း ကျေးလက်နေပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်း ဝမ်းစာဖူလုံရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေးမှ စီးပွားဖြစ် တိုးချဲ့မွေးမြူနိုင်ရေး၊ စီးပွားဖြစ် မွေးမြူ လာနိုင်မည်ဆိုပါက ဒေသတွင်း အသားစားသုံးမှု ဖူလုံမှုရှိသည့်အပြင် ပို့လျှံသည့် တိရစ္ဆာန်နှင့်တိရစ္ဆာန် ထွက်ပစ္စည်းများကို တင်ပို့ရောင်းချခြင်းဖြင့် ဝင်ငွေ ရရှိမှုအတွက်ပါ အရေးပါသောကဏ္ဍဖြစ်သဖြင့် မွေးမြူရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မွေးမြူရေးဇုန် တည်ဆောက် ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ မကွေးတိုင်းဒေသကြီးအနေဖြင့် ဥစားသုံးမှု ဖူလုံရန် လိုအပ်လျက်ရှိသည့်အတွက် ဥစားကြက်များကို တစ်ပိုင်တစ်နိုင် အများဆုံးမွေးမြူသော အောင်လံ မြို့နယ်အတွင်း အောင်လံ-သမ္ဘူလ ကားလမ်းမ ဘေး၊ စမ်းကလေးကျေးရွာနှင့် ရေပေါ်ကျေးရွာ အကြား ဘွက်ကြီး ရေပေါ်ကြီးပိုင်းအတွင်း တည်ရှိ သည့် မြေဧရိယာ ၄၃ ဒသမ ၃၀ ဧကအနက်မှ ပထမအဆင့်အနေဖြင့် ၁၆ ဒသမ ၄၈ ဧကၭ ဥစား ကြက်မွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင် ရွက်ခဲ့ရာ ၂၈-၃-၂၀၂၅ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ကြက်ဥဖူလုံမှု တိုးတက်ရရှိလာမည်

ယခုအခါ မကွေးမြို့နယ် ရှားပင်လှကျေးရွာ အုပ်စုအတွင်းရှိ သမဝါယမအသင်းပိုင် ယာမြေ ၄၈ ဒသမ ၀၆ ဧကတွင် ဥစားကြက်မွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အခြေခံ လိုအပ်ချက်ဖြစ်သည့် မြေပြင်ခြင်း၊ ရေ၊ မီး၊ ဝန်ထမ်း အိမ်ရာ၊ ရေနုတ်မြောင်းတူးခြင်း၊ လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ မွေးမြူရေး ဇုန်အတွင်း အောင်မြန်မာသမအသင်းက ကြက်ကောင် ရေ ၃၀၀၀ ဆုံ ကြက်ခြံ လေးခြံ၊ သမဝါယမအသင်းစုမှ ကြက်ခြံ နှစ်ခြံ မွေးမြူထားပြီး လက်ရှိမှာ ကြက်ဥ ကိုးသိန်းကျော် ထုတ်လုပ်ရရှိနေပြီဟု သိရပါသည်။ စတင်ထည့်သွင်းမွေးမြူသည့် အချိန်မှစပြီး ယခု ဘဏ္ဍာရေးနှစ်အတွင်း မတ်လကုန်အထိ ကြက်ဥ ၃၉ သိန်းနီးပါး တိုးတက်လာနိုင်မည်ဖြစ်၍ ဒေသ တွင်းစားသုံးရန် လိုအပ်မှုအပေါ် ဖူလုံမှု သုည ဒသမ ၄၅ ရာခိုင်နှုန်း ပိုမိုဖြည့်ဆည်းပေးနိုင်ကာ တိုင်းဒေသ ကြီးအတွင်း ကြက်ဥဖူလုံမှု ၄၆ ဒသမ ၄၃ ရာခိုင်နှုန်း အထိ တိုးတက်ရရှိလာမည်ဖြစ်သည်။

ထို့ပြင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရွှေတင့်တူး ဥစားကြက်မွေးမြူရေးဇုန်အတွင်း ကြက်ခြံ ၂၇ ခြံကို ထပ်မံတိုးချဲ့မွေးမြူသွားမည်ဖြစ်၍ ကြက်ကောင်ရေ ၉၁၀၀၀ ပိုမိုတိုးတက်မွေးမြူနိုင်ပါသည်။ ထို့အတွက် တစ်နှစ်လျှင် ကြက်ဥသိန်း ၂၁၀ ကျော် ထွက်ရှိမည် ဖြစ်ရာ ဒေသတွင်းစားသုံးရန် လိုအပ်မှုအပေါ် ၂ ဒသမ ၄၈ ရာခိုင်နှုန်း ပိုမိုဖူလုံလာနိုင်ပြီး တိုင်း ဒေသကြီးအတွင်း ကြက်ဥစားသုံးမှု ၄၈ ဒသမ ၉၁ ရာခိုင်နှုန်းအထိ တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါသည်။

ရွှေတင့်တူး မွေးမြူရေးဇုန်သည် မကွေးတိုင်း ဒေသကြီးအတွင်း ဒုတိယမြောက် မွေးမြူရေးဇုန် ဖြစ်သည့်အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုနှင့် မွေးမြူသူများအား မြေနေရာ သတ်သတ်မှတ်မှတ်ဖြင့် မွေးမြူနိုင်ရန် စီစဉ်ပေး ခြင်း၊ ဥစားကြက် ထပ်မံတိုးချဲ့ မွေးမြူနိုင်ရန် လိုအပ် သည့် အရင်းအနှီးအတွက် တိုင်းဒေသကြီးနိုင်ငံ့ စီးပွားဖြင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ချေး ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးထားသည့် အတွက် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ အောင်မြင်အောင် မွေးမြူနိုင်မည်ဟု ယုံကြည်မိ ပါသည်။

မကွေးတိုင်းဒေသကြီးသည် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံဝါ အပါ အဝင် သီးနှံစုံစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးအတွင်း သီးနှံစိုက် စွမ်းအား တိုးမြှင့်ရေးအတွက် သီးထပ်သီးညှပ်တိုးချဲ့ စိုက်ပျိုးရေးဆောင်ရွက်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သီးနှံစုံစိုက်ဧက သိန်း ၆၀ ကျော် စိုက်ပျိုးခဲ့ရာမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နှံစား သီးနှံ စိုက်ဧက ၉၇၇၀၀၀ ကျော်၊ ပဲမျိုးစုံသီးနှံ ၁၅၉၆၀၀၀ ကျော်၊ ဆီထွက်သီးနှံ ၂၇၄၀၀၀ ကျော်၊ စက်မှုကုန်ကြမ်းသီးနှံ ၃၅၀၀၀၀ ကျော်၊ စားဖို့ဆောင် သီးနှံ ၂၀၀၀၀၀ ကျော်၊ အခြားသီးနှံ ၆၂၅၀၀၀ ကျော် စုစုပေါင်း စိုက်ဧက ၆၅ သိန်းကျော် စိုက်ပျိုး နိုင်ခဲ့ပြီဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး၏ စားရေရိက္ခာဖူလုံပို့လျှို့ ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆန်ဖူလုံမှု ၈၁ ဒသမ ၉၉ ရာခိုင်နှုန်း၊ ဆီဖူလုံမှု ၄၁၆ ဒသမ ၄၈ ရာခိုင်နှုန်းရရှိ ခဲ့ပြီး ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဆန်ဖူလုံမှု ၈၇ ဒသမ ၂၆ ရာခိုင်နှုန်း၊ ဆီဖူလုံမှု ၅၀၂ ဒသမ ၇၆ ရာခိုင်နှုန်း ရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ တိုင်း ဒေသကြီးအနေဖြင့် ဆန်ဖူလုံမှုသည် ၈၀ ရာခိုင်နှုန်း ကျော်သာရှိပြီး ဝမ်းစာဖူလုံရေးအတွက် နောက်ထပ် ဆန်ဖူလုံ မှု ၂၀ ရာခိုင်နှုန်းတိုးတက်ရေး ဆောင်ရွက် လျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း **"ရွှေတင့်တူး စိုက်ပျိုးမွေးမြူရေးဇုန်"** ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဒေသတွင်း ဥစားကြက်နှင့် တိုင်းရင်းကြက် မွေးမြူ ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကာ စားရေ ရိက္ခာအတွက် ဖူလုံမှုရှိလာမည့်အပြင် ပို့လျှံသည်များ ကိုလည်း အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ တင်ပို့ရောင်းချလာနိုင်သည့်အဆင့်အထိ ရောက်ရှိ လာနိုင်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဇုန်တွင်လည်း အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိအောင် သီးထပ်သီးညှပ် စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် ပန်းတိုင်အထွက်နှုန်းပြည့်မီကာ စိုက်ပျိုးရေး တောင်သူများအနေဖြင့် ဝင်ငွေတိုးတက်ရရှိပြီး နိုင်ငံ့ စီးပွားဖွံ့ဖြိုးရေးအတွက် အကျိုးအမြတ်များ ရရှိစေ မည်ဖြစ်ပါသည်။

သို့ဖြစ်၍ မကွေးမြို့၌ ဖွင့်လှစ်လိုက်သော ရွှေတင့်တူး စိုက်ပျိုးမွေးမြူရေးဇုန်သည် ဒေသ အတွက်သာမက နိုင်ငံအတွက်ပါ အရေးပါသော ကြောင့် **"နိုင်ငံတော်ရွေးချယ်ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ တော့မည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရ ပါသည်။ ။

ပေ ၁၀၀၀ ခန့်နက်သော ချောက်ကမ်းပါးအတွင်း ခြောက်ရက်ကြာ ပိတ်မိနေသူအား အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့

ကျောက်မဲ ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပင်ပေါကျေးရွာ အုပ်စု နောင်ပြစ်ကျေးရွာအနီး ရှိ ပေ ၁၀၀၀ ခန့် နက်သော နမ့်ဆောင်ဟောင် ချောက်ကမ်းပါး အတွင်းသို့ ပြုတ်ကျခဲ့ပြီး ပေ ၃၀၀ ခန့်နေရာတွင် သစ်ပင်ချုံနွယ် များနှင့်ငြိကာ ခြောက်ရက်ကြာ ပြုတ်ကျနေသည့် နောင်ပြစ် ကျေးရွာသား ဦးအိုက်မုန်း (အသက် ၂၉ နှစ်) အား ခရိုင် မီးသတ်တပ်ဖွဲ့က ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် အသက်ရှင် လျက် ကယ်ထုတ်နိုင်ခဲ့သည်။

အဆိုပါ နောင်ပြစ်ကျေးရွာသားသည် ဒီဇင်ဘာ ၃ ရက် နံနက် ပိုင်းက နမ့်ဆောင်ဟောင် ချောက် ကမ်းပါးအနီးတွင် ရှုခင်းဓာတ် ဖမ်းနေစဉ် ခြေချော်ပြုတ်ကျခဲ့ပြီး ချောက်အလွန်နက်သောကြောင့် ပြန်တက်နိုင်ခြင်းမရှိဘဲ ချောက် ထဲတွင် အစာရေစာ ပြတ်လပ် လျက် ပိတ်မိနေခဲ့ခြင်းဖြစ်သည်။

ယင်းအမျိုးသား ချောက်ထဲ ပြုတ်ကျနေကြောင်းကို ဒီဇင်ဘာ ၇ ရက်တွင် မိသားစုဝင်ဖြစ်သူများက ရှာဖွေတွေ့ရှိခဲ့ပြီး ကျောက်မဲ ခရိုင်မီးသတ်ဌာနကို အကြောင်း ကြားခဲ့ခြင်းကြောင့် ကျောက်မဲခရိုင် မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကိုကိုဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့က ကယ်ဆယ်ရေးပစ္စည်း များနှင့်တကွ အခင်းဖြစ်ရာနေရာ သို့ သွားရောက်ကယ်ဆယ်ရာ ချောက်ထဲကျနေသူအား မစိုးရိမ်ရ ဒဏ်ရာများဖြင့် ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ကယ်ထုတ် နိုင်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

ကော့မှူးမြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အသိပညာပေးဟောပြော

ကော့မှူး ဒီဇင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အထက (၀၊ ဘလောက်သောက်)ကျောင်း၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအဖြစ် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက်က ကျင်းပသည်။

ဦးစွာတွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးစိုင်းစိုးရွှေက အမျိုးသမီးများအား ကာကွယ်ရေးဆိုင်ရာ ဥပဒေများ အကြောင်း၊ ဝါးဘလောက်သောက်နယ်မြေစုခန်းမှူး ဒုရဲအုပ်နေလင်းထက်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် လူကုန်ကူးမှု ပြစ်မှု၊ ပြစ်ဒဏ်များကို အသိပညာပေး ဟောပြောကြသည်။ ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။

ကျော်သူရ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူအားလုံးပါဝင်နိုင်ရေးအတွက် “ဒို့အတူတူမဲပေးကြမယ်” လက်ကမ်းစာစောင်ကို သနပ်ပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ဝန်ထမ်းများက ဒီဇင်ဘာ ၉ ရက်တွင် မြို့မရွေးအတွင်းနှင့် လူစည်ကားရာ နေရာများ၌ ဖြန့်ဝေစဉ်။ မြို့နယ်(ပြန်/ဆက်)

ဆောင်းသီးနှံများ အထွက်တိုးစေရေး ထရိုင်ခိုဒါးမားမှိုပွားများခြင်းနှင့် မြေဆွေးပြုလုပ်သုံးစွဲခြင်း လက်တွေ့သရုပ်ပြသ

ပျဉ်းမနား ဒီဇင်ဘာ ၁၁

ဆောင်းသီးနှံများ အထွက်တိုးစေရေး ထရိုင်ခိုဒါးမားမှိုပွားများခြင်းနှင့် မြေဆွေးပြုလုပ်သုံးစွဲခြင်း လက်တွေ့ပညာပေးသရုပ်ပြပွဲကို ပျဉ်းမနားမြို့နယ် သနပ္ပင်ဆိပ်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဒီဇင်ဘာ ၉ ရက်က ကျင်းပသည်။

အဆိုပါပညာပေးသရုပ်ပြပွဲသို့ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ထရိုင်ခိုဒါးမားမှိုဖြင့် မြေဆွေးပြုလုပ်ခြင်း၊ အပင်ရောဂါများ ကာကွယ်နှိမ်နင်းခြင်း၊ ထရိုင်ခိုဒါးမားမှိုပွားများခြင်းနှင့် ပတ်သက်၍ တောင်သူများအား လက်တွေ့သရုပ်ပြ ရှင်းလင်းဆောင်ရွက်သည်။ အဆိုပါ ပညာပေးသရုပ်ပြပွဲသို့ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၁၈ အုပ်စုမှ တောင်သူပေါင်း ၇၂ ဦး တက်ရောက်ပြီး

ထရိုင်ခိုဒါးမားမှိုမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရွှေပြည်တော်

နေပြည်တော် ဒကွိဏသီရိမြို့နယ်ရှိ မဲရုံများ၌ တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား ဒကွိဏသီရိမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဝေလျှံထွေးနှင့် တာဝန်ရှိသူများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြ မီးငြိမ်းသတ်ခြင်းကို ဒီဇင်ဘာ ၈ ရက်က ဒကွိဏသီရိမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်ကြစဉ်။

အောင်သူရဦး(ဒကွိဏ)

ပဲခူး၌ ရိုဘတ်စတာကော်ဖီပင်များ စိုက်ပျိုး

ပဲခူး ဒီဇင်ဘာ ၁၁

(၁၂၀) နှစ်မြောက် သမဝါယမဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၉ ရက်က ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ရုံးခြံဝင်းအတွင်း အရိပ်ရပင်များအောက်၌ ရိုဘတ်စတာကော်ဖီ(မြေနိမ့်ကော်ဖီ)ကို စိုက်ပျိုးသည်။

အဆိုပါစိုက်ပျိုးပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ချောစုလှိုင် ဦးဆောင်၍ ပဲခူးတိုင်းဒေသကြီး အသင်းစုချုပ် အမှုဆောင်များ၊ ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် ပဲခူးမြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၅၀ ဖြင့် ရုံးခြံဝင်းအတွင်း ရိုဘတ်စတာကော်ဖီ (မြေနိမ့်ကော်ဖီ) ပင် ၁၀၀ ကို ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မက်မန်းမြို့၌ မွေးမြူရေးဘဏ်စနစ်ဖြင့် ဒေသဆိတ်များ လက်ဆင့်ကမ်း အခမဲ့ဖြန့်ဖြူးပေးအပ်

မက်မန်း ဒီဇင်ဘာ ၁၁

မက်မန်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်ဖြန့်ဖြူးခဲ့သော ပြည်နယ်ရန်ပုံငွေ ၈ ဒသမ ၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မျိုးကောင်းမျိုးသန့် ဒေသဆိတ်များ မွေးမြူရေးဘဏ်စနစ်ဖြင့် လက်ဆင့်ကမ်း(အခမဲ့)ဖြန့်ဖြူးပေးအပ်ပွဲကို ဒီဇင်ဘာ ၉ ရက်တွင် မက်မန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့် အဖွဲ့ဝင်များက ငဟောင်ကျေးရွာမှ ဆိတ်မွေးမြူ



မည့် တောင်သူတစ်ဦးထံ ဒေသဆိတ် ၂၁ ကောင်ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင် နမ့်နန်းချောင်း ဆိတ်မွေးမြူရေးခြံ၌ စာချုပ်စာတမ်းများဖြင့် လွှဲပြောင်းပေးအပ်သည်။

ခရိုင်(ပြန်/ဆက်)

သရက်ချောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ “ဒို့အတူတူ မဲပေးကြမယ်”ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးစိုးကိုကိုလွင်နှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ဒီဇင်ဘာ ၉ ရက်က လူစည်ကားရာနေရာများ၌ဆောင်ရွက်စဉ်။ ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် အဖွဲ့ဝင်များ၊ ညောင်ဦးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ဒီဇင်ဘာ ၈ ရက်က ညောင်ဦးမြို့နယ် လူစည်ကားရာနေရာများ၌ ရွေးကောက်ပွဲဆိုင်ရာ မြေစိုက်ပိုစတာများ စိုက်ထူကြစဉ်။ ဒီပါလင်း

အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဒေါ်နန်းအေးအေးစိုးနှင့် ဌာနဆိုင်ရာများက အမရပူရမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲရုံများအဖြစ် ဆောင်ရွက်မည့် မြို့ပေါ်ရှိနေရာများကို ဒီဇင်ဘာ ၉ ရက်က လုံခြုံရေးဆိုင်ရာများ၊ မီးဘေးဆိုင်ရာများ ကွင်းဆင်းစစ်ဆေးစဉ်။ ဇော်ဘီ

တာချီလိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံမှ မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိတရားခံပြေး သုံးဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သူ တစ်ဦးတို့ကို ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ၊ တာချီလိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိခဲ့သည့် ထိုင်းနိုင်ငံမှမူးယစ်အမှုဖြင့် အလိုရှိတရားခံပြေး သုံးဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သည့် ထိုင်းနိုင်ငံသား တစ်ဦးတို့ကို ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)သည် မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့(CCDAC)ထံသို့ ထိုင်းနိုင်ငံအတွင်း မူးယစ်ဖြစ်မှုများကျူးလွန်ပြီး မြန်မာနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်နေသည့် Mr. Phonchana Phongthong(ခ)Toon (ဖွန်းချနာဖုန်းထောင်း(ခ)သွန်း)၊ Mrs. Thanida Puangngern(ခ)Ning (ထနိဒါးဖုံးငင်း(ခ)နိန်း)နှင့် Mr. Wi Rat Taou Dom(ဝီလတ်ထောင်းဝုဒွမ်)တို့ သုံးဦးကို ကူညီစုံစမ်းဖော်ထုတ်ဖမ်းဆီးပေးပါရန် သတင်းဖလှယ်ပေးပို့ချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါ အလိုရှိတရားခံပြေး သုံးဦးကို စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ နိုဝင်ဘာ ၁၃ ရက်တွင် Mr. Phonchana Phongthong(ခ) Toon (ဖွန်းချနာဖုန်းထောင်း(ခ)သွန်း)၊ Mrs. Thanida Puangngern(ခ)Ning (ထနိဒါးဖုံးငင်း (ခ)နိန်း)တို့ကို တာချီလိတ်မြို့ ပိန်းကျောက်ရပ်ကွက်၌ လည်းကောင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် Mr. Wi Rat Taou Dom (ဝီလတ်ထောင်းဝုဒွမ်)ကို မိုင်းတုံမြို့နယ် နားကောင်းမှကျေးရွာ၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

တာချီလိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိတရားခံပြေး သုံးဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သူ တစ်ဦးတို့အား ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အဆိုပါ အလိုရှိတရားခံပြေး သုံးဦးနှင့်အတူ စက်တင်ဘာ ၁၆ ရက်တွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့သည့် တရားမဝင် ဝင်ရောက်နေထိုင်ခဲ့သူ ထိုင်းနိုင်ငံသား Mr. Chairit Phucharoen (ချရစ်ဖူးချွန်)တို့ကို နှစ်နိုင်ငံတည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၇)မူးယစ်တပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်စိန်ဝင်း ဦးဆောင်သည့်အဖွဲ့က ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB) အတွင်းရေးမှူးချုပ် Police Major Suriya Singhakamol ဦးဆောင်သည့်အဖွဲ့ထံသို့ ဒီဇင်ဘာ ၁၁ ရက်မြန်မာစံတော်ချိန် နံနက် ၁၁ နာရီအချိန်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၂)၌ လွှဲပြောင်းပေးအပ်ခဲ့ပြီး နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစီအစဉ်အရ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နယ်စပ်ဖြတ်ကျော်မူးယစ်မှုခင်းများ ထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို အပြန်အလှန် ဖော်ထုတ်ဖမ်းဆီးလွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

ရွှေကောက်ပွဲဆိုင်ရာ အသိပညာပေး

မအူပင် ဒီဇင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ယနေ့နံနက် ၁၀ နာရီက အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်)၌ ရွှေကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။(အပေါ်ပုံ)

ဦးစွာ အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်)မှ ကျောင်းအုပ်ဆရာကြီး ဦးမျိုးမင်းဟန်က ရွှေကောက်ပွဲကာလအတွင်း ကျောင်းသား ကျောင်းသူများအား မိမိတို့အမည်ပါရှိသည့် ရပ်ကွက်၊ ကျေးရွာများသို့ ပြန်လည်၍ ဆန္ဒမဲပေးရမည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးက အီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် မဲပေးပုံအဆင့်ဆင့်ကို အသိပညာပေးပြောကြားသည်။ ထို့နောက် ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သိလိုသည်များအား မေးမြန်းခဲ့ကြရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

သာယာဝတီ ဒီဇင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်မည့် (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ သမဝါယမမဦးစီးဌာန၏ မြန်မာ့သမဝါယမစတင်ခြင်းကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတွင် ဖွင့်လှစ်လျက်ရှိသော သာယာဝတီ မူလတန်းကြီး ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နို့ဆန်ပြုတ် အာဟာရတိုက်ကျွေးခြင်းကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးနေလင်းအောင်နှင့် ဝန်ထမ်းများ၊ သမဝါယမအသင်းစုရှိ တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ဝတီ

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လှုပ်ရှားမှု အသိပညာပေးဟောပြော

အင်းစိန် ဒီဇင်ဘာ ၁၁

အင်းစိန်မြို့နယ်၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ဦးစွာ အင်းစိန်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်ခင်ဆွေရီမြင့်က အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေရုံးမှ ဒုတိယဥပဒေအရာရှိ ဒေါ် သန္ဓာဝင်းရွေက မြန်မာနိုင်ငံအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဖြစ်ပွားခဲ့မှု အခြေအနေများနှင့် အကြမ်းဖက်မှုတုံ့ပြန်ဆောင်ရွက်ရန်အတွက် အခြေခံလမ်းညွှန်များ၊ ပြစ်မှုကျူးလွန်သူများအား ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ သက်ငယ်မှဒိမ်းမှုဖြစ်ပွားရသည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်) ရဲအုပ်ကျော်ဇေယျာထွန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းရုံးမှ ဦးအရာရှိ ဒေါ်ရင်လှက ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အကြမ်းဖက်မှုများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

ရွှေသွေးဂျာနယ် ထွက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၃ - ၁၂ - ၂၀၂၅ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၅၀) တွင် ကြွက်သိုးလေး၏ ဉာဏ်ကောင်းမှုကြောင့် ကြောင်ကြီး မြီးတို့၏ အန္တရာယ်မှလွတ်မြောက်ကြသော ကြွက်အပေါင်းတို့သည် အလွန်ပျော်ကြရုံ အကြောင်း သရုပ်ဖော်ထားသည့် "ကြောင်ကို ဘယ်သူ ချိုးခွဲပေးမလဲ" မျက်နှာဖုံးကာတွန်း၊ အချိုကို အလွန်အကျွံစားခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုးကျိုးများ အကြောင်း ရေးသားထားသည့် "ဓွမ်းအားကြီးတဲ့ သကြား ချိုလွန်းရင် ဆိုးကျိုးများ" သုတဆောင်းပါး၊ ကဏ္ဍာ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍာ၊ သူတစ်ပါးအပေါ် အလွန်စနောက်တတ်သော မျောက်ကလေးသည် ဝက်ဝံမကြီး၏ ဆုံးမစကားကြောင့် မစမနောက်တော့ဘဲ အားလုံးနှင့် ချစ်ချစ်ခင်ခင်နေထိုင်သွားပုံအကြောင်း သရုပ်ဖော်ထားသည့် "မစနောက်တော့ပါ" နှစ်မျက်နှာကာတွန်း၊ အသစ်ဝယ်လာသော ကျောပိုးအိတ်လေးကို ရိုရိုသေသေကိုင်ပြီး စနစ်တကျထားရန် ဆုံးဖြတ်ချက်ချလိုက်သော Grade-2 ကျောင်းသား တစ်ဦးအကြောင်း ဖတ်ရှုရမည့် "ကျွန်တော်နှင့် ကျောပိုးအိတ်လေး" ဝတ္ထုကဏ္ဍာ၊ လီပေါင်း၏ အဓိပ္ပာယ်ကို ရှင်းပြနေသော ချက်ပုံအကြောင်း သရုပ်ဖော်ထားသည့် "ချက်ပု - မြွောက်မယ်၊ စားမယ်" တစ်မျက်နှာကာတွန်း၊ လူသားတို့၏ တီထွင်ဉာဏ်ကြီးမားကြပုံအကြောင်း ရေးဖွဲ့ထားသည့် ဆရာ မင်းရွှေမိုး၏ "လူ" ကဗျာ ကဏ္ဍာအပါအဝင် အင်္ဂလိပ်စာကဏ္ဍာ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ကျိုင်းလပ်မြို့၌ မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ အသိပညာပေး

ကျိုင်းလပ် ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့၌ တာချီလိတ်မြို့နယ် သစ်တောဦးစီးဌာနကကြီးမှူးသည့် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျိုင်းလပ်မြို့ ဝမ်လုံဘုန်းကြီးကျောင်းတွင် ကျင်းပသည်။ ဦးစွာ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ထွန်းက တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွမ်းမိုးထက်က နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု သိကောင်းစရာများကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရန်လင်းမောင်မောင်ဦးက သစ်တောထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဟောပြောခဲ့သည်။ ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ကျိုင်းလပ်(ပြန်/ဆက်)

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့အလုပ်တော်မြို့ (အောင်သာယာ) ရပ်ကွက်နေ အလုပ်တပ်မြို့၊ အထက (၂) စိုက်ပျိုးရေးနှင့် မွေးမြူရေး ကျောင်း Grade-12မှ မနုင်းသီရိလွိင်၏ ဖခင်အမည်မှန်မှာ ဦးကိုကို အောင် ၅/မရန(နိုင်)၁၇၉၆၀၀ ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက(၂)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ အလယ်တန်းပြ ဒေါ်ခင်ဌေးကြည် ၁၁/မဟတ(နိုင်)၀၀၁၉၁၀၏ ဖခင်အမည်မှန်မှာ ဦးအောင်တုတ်ကယ် (၃) ဦးအောင်တုတ်ကေ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းမြို့၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းထားသော သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသည့် ဓာတ်ဆီ (၂၄၄)ဂါလန်၊ ဒီဇယ် (၆၉၁၁)ဂါလန်၊ စုစုပေါင်း(၉၃၅၈)ဂါလန်တို့အား အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) လေလံလျှောက်လွှာရောင်းချမည့်ရက် - (၁၅-၁-၂၀၂၅)ရက်မှ (၂၉-၁-၂၀၂၅)ရက်အထိ
(ခ) လေလံလျှောက်လွှာရောင်းချမည့်နေရာ - ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံး၊ စစ်ကိုင်းမြို့
(ဂ) လေလံတင်ရောင်းချမည့်ရက်/အချိန် - ထပ်မံကြေညာပါမည်
(ဃ) လေလံတင်ရောင်းချမည့်နေရာ - ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံး၊ စစ်ကိုင်းမြို့

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၀၉-၂၅၉၄၆၉၇၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6S/4673, ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ရှုမ်းပြည်နယ်ရုံး(တောင်ကြီး)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5R/5383 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/3467 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/1958 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

ပျောက်ဆုံးကြောင်း

Wai Yan Min Htet Thar Trading Co Ltd. ၏ သွင်းကုန်လိုင်စင် MWD-QLV1920-02602 (16/01/2020) နှင့် ကြေညာလွှာအမှတ် - 100135025540 (04/02/2020) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း- ၀၉-၉၆၇၆၃၇၀၁၂

အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/77832 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/26698 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/6614 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

ပတ်စ်ပို့ပျောက်

မိုင်းကိုင်မြို့၊ ရပ်ကွက်(၄)နေ (ဘ) ဦးကျင်ကော်(ခ)ကျင်တာစံဇော်သား မောင်အောင်ကျော်မြင့် ၁၃/မကန (နိုင်)၀၆၁၀၆၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-855683) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၄၇၃၇၅

ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၂)ရပ်ကွက်နေ (ဘ) ဦးမိုးမြင့်၏သား ကျော်နိုင် ၁၃/လရန (နိုင်)၂၄၀၃၁၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-226440)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၀၇၆၆၁၈၃၉

ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ မင်္ဂလာလမ်းသွယ် (၃)နေ (ဘ) ဦးမြင့်သိန်း ၏သား မောင်ကျော်ကျော်လွင် ၁၃/တကန(နိုင်) ၁၈၉၅၇၉ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 21W/33677, Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမိုင် ၂/လကန(နိုင်)၁၄၀၄၀၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
လွိုင်ကော်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/68622, ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မြင့် ၇/တငန(နိုင်)၁၀၀၈၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/26915 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးနုန္ဒာ ၁၄/ဟသတ(နိုင်)၃၆၇၂၆၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ဟသံတ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/81813, Canda-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်မောင်မောင်ခန့် ၉/မတရ (နိုင်)၂၁၂၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/5233 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အဖောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 66W/95349 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/6614, Toyota Hilux Tiger ယာဉ်လက်ဝယ်ရှိသူ ဒေါ်နာမီးဇီး ၁၃/မဟတ(နိုင်)၀၀၆၂၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တာချီလိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/29950, Honda Scoopy 110, Auto M/C ယာဉ်လက်ဝယ်ရှိသူ ဦးခေါင်းဦး ၉/သပက (နိုင်)၀၄၆၁၆၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/35142 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၉/မကန(နိုင်)၁၆၈၄၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မြင်ဦးလွင်)

အမည်ပြောင်း

ဦးရန်နောင်-ဒေါ်ထားထားမြင့်တို့၏သား တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၁) Grade-5(C) မှ မောင်ဘုန်းသုဝဏ်ကို အား ယနေ့မှစ၍ မောင်အောင်ခန့် ဟု ပြောင်းလဲခေါ်ဝေါ်ပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၆၇၁) [ဦးသုတိုး (၁)/ဗဟန(နိုင်)၀၅၆၂၉၁၀အမည်ပေါက်]၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရို မြေချုပ်စစ်မြေကွက်နှင့် မြေကွက်အမှတ်(၆၇၂) [ဦးကျော်ရဲထွန်း (၅)/လရန(နိုင်)၀၉၇၃၃၁အမည်ပေါက်]၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရို နှစ်(၆၀)မြေငှား ဂရန်မြေကွက်၊ စုစုပေါင်းမြေကွက်(၂)ကွက်အား မြေအမည်ပေါက်များထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစာနည်ထက် (၅/စကန(နိုင်)၁၆၂၅၁၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်၊ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျမှန်ကန်သော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းသူရဇော် (LL.B) ဒေါ်ယမင်းထွေး (LL.B) ဦးရဲသိပ (LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅) အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)
အမှတ်(၁၀၁)၊ ကံ့ကော်မြို့ပို(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉ ၇၂၂၇၇၇၁၁၊ ၀၉ ၄၅၆၉၉၆၇၇၆၊ ၀၉ ၉၇၀၀၂၁၁၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၅)၊ စိန်ပန်းမြိုင်(၃)လမ်း၊ မြေကွက်အမှတ်(၆၁)ဟုခေါ်ဝေါ်သော မြေအလျား x အနံ(၄၀ x ၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရို နှစ်(၆၀)မြေငှားဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်ထွေးမူ (၁/ဗဟန(နိုင်)၀၇၀၆၀၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်မြနန္ဒာ့ဆွေးနွေးရာဆုံ (၁၂/ပဇတ(နိုင်)၀၀၅၂၅)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျမှန်ကန်သော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့ မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းသူရဇော် (LL.B) ဒေါ်ယမင်းထွေး (LL.B) ဦးရဲသိပ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅) အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)
အမှတ်(၁၀၁)၊ ကံ့ကော်မြို့ပို(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉ ၇၂၂၇၇၇၁၁၊ ၀၉ ၄၅၆၉၉၆၇၇၆၊ ၀၉ ၉၇၀၀၂၁၁၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ မြေကွက်အမှတ်(၁၃၈၄) ဟုခေါ်ဝေါ်သော မြေအလျား x အနံ(၄၀ x ၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရို နှစ်(၆၀)မြေငှား ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသိန်းဝေ (၁/ဗဟန(နိုင်)၀၁၂၆၀၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်ထွေးမူ (၁/ဗဟန(နိုင်)၀၇၀၆၀၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစွမ်းသို့(စ်)ကူးမာ(ရ)(၇/ဗမန(နိုင်)၁၇၄၄၇၂)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းသူရဇော် (LL.B) ဒေါ်ယမင်းထွေး (LL.B) ဦးရဲသိပ (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅) အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)
အမှတ်(၁၀၁)၊ ကံ့ကော်မြို့ပို(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉ ၇၂၂၇၇၇၁၁၊ ၀၉ ၄၅၆၉၉၆၇၇၆၊ ၀၉ ၉၇၀၀၂၁၁၇

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး။ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် (အနော်ဟ)၊ ဇင်မလမ်း၊ မြေကွက်အမှတ် (၇၀၈/ခ)၊ အကျယ်အဝန်း (၂၀၀ × ၆၀ပေ) ရှိ ဦးဌေးလင်း (၁၂/သကတ (နိုင်) ၀၃၈၇၉၉) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့် ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဌေးလင်း ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးပြည်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၃)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၄၀၀၃

တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့နေ ခေါလုဘူ ၁/မကန(နိုင်)၁၆၂၆၁ ၏ ဖခင် ဦးနေသလေးနဲ့ ဦးနော်လေး အမည် (၂)မျိုးကွဲပွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။ မိခင် ခေါ်ခေါ်လင်းနှင့် ခေါ်ခေါ်လင်းသည် အမည် (၂)မျိုး ကွဲပွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းကြီးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့၊ အမှတ် (၂)ရပ်ကွက်နေ မစုပိုပိုအောင်၏မိခင် ခေါ်စန်းနွယ်နှင့် ခေါ်စန်းစန်းနွယ် ၈/ဆဝ၀ (နိုင်)၀၅၅၂၀၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ခေါ်စန်းနွယ်(ခ)ခေါ်စန်းစန်းနွယ်

အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ပြည်တော်သာကျေးရွာနေ ဦးမြင့်ဆွေ–ခေါ်ပိုတို့၏ သမီး မဆွမွန်ဦးအား မစုမွန်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မစုမွန်ဦး

မွေးသက္ကရာဇ်အမှန်

ဦးအောင်နိုင်ဝင်းနှင့် ခေါ်မိုမိုဦး တို့၏သမီးများဖြစ်သော ပဲခူးမြို့နယ်၊ ဘုရားကြီး အခြေခံပညာ အထက် တန်းကျောင်း Grade-11 မှ အမျာညီအစ်မဖြစ်သူ မဖူဖူငွေအောင်နှင့် မမိုးပွင့်အောင်တို့၏ မွေးသက္ကရာဇ် အမှန်မှာ (၂၉-၅-၂၀၀၇) ဖြစ်ပါကြောင်း။

အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

(၁)ဦးသာအောင်၏သား ဦးအောကာဝင်း ၉/မကန(နိုင်)၁၀၀၃၉၉ နှင့် (၁)ဦးဌေးလွင်၏သမီး ခေါ်ဖိုးမြတ်မြတ်နိုင် ၁၃/နစန(နိုင်)၀၄၀၅၇၃ တို့သည် (၁၇-၁၀-၂၀၂၅)ရက်တွင် သက်သေများ ရှေ့မောက်၌ နစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူ ကွာရှင်းပြီးသည့်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နေ့ဝင်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

